


# သော်တာဆွေ

# လမ်းဆုံးနှင့်လမ်းဆုံး

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com

# သော်တာဆွေ
# လမ်းဆုံးနှင့်လမ်းဆုံ

ဖေဖေတော့ အခု အမှားနဲ့ပဲ လမ်းဆုံးရပြီ။
ငါ့သားကတော့ အခု လမ်းဆုံမှာ ....



TTS0042
3,000.00 KS

mgyoe.com

လမ်းဆုံးနှင့်လမ်းဆုံ၊ သော်တာဆွေ
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၂၈၀ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ မေလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၆၉ စာပေမွန်စာပေ၏ ပထမအကြိမ်မူ။

ရောင်းဈေး ၃၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# လမ်းဆုံးနှင့်လမ်းဆုံ
# သေဘ်တာဆွေ

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

. mgyoe.com

( ၁ )

"ကိုထွန်းဦးရယ်... ရှင့်ကို ကျွန်မ ထပ်ပြီး တောင်းပန်ပါရစေလား ရှင်၊ ကလေးတွေ နောင်ရေးအတွက်လည်း စဉ်းစားဖို့အချိန် တော်လာပါ ပြီ။ ရှင် ဒီလူတွေနဲ့ အဆက်အသွယ်ဖြတ်လိုက်ပြီး စီးပွားရေးကိုသာ ဇောက်ချပြီး လုပ်သွားဖို့ သင့်နေပါပြီ"

"ဟော့... တင်တင်ချို၊ တော်တော့ကွာ၊ နင် မကူညီချင်ရင်လည်း ငါ့ယုံကြည်ချက်နဲ့ငါ လုပ်နေတဲ့ကိစ္စမှာ ဝင်ဝင်ပြီး မနှောင့်ယှက်စမ်းပါနဲ့၊ တစ်တိုင်းပြည်လုံး ငတ်ပြတ်နေတဲ့အချိန်မှာ ငါတစ်ယောက်တည်း မိုးထိ အောင် ချမ်းသာနေလို့ကော တရားရာ ကျပါဦးမလား။ ကလေးတွေက လည်း ငယ်ငယ်လေးတွေ ရှိပါသေးတယ်။ ကြီးလာတော့လည်း သူတို့ ဟာနဲ့သူတို့ ဖြစ်လာမှာပေါ့။ အလကားနေရင်း ပူမနေစမ်းပါနဲ့"

ကိုထွန်းဦးသည် သို့ကလို ပြန်ပြောလာပြီး မိမိဖတ်နေသော စာအုပ်ထူကြီးကို ဆောင့်ပိတ်လိုက်ပြီး တပ်ထားသော ကော်ကိုင်းမျက်မှန် ကို ချွတ်၍ ဝတ်ထားသော ပုဆိုးစနှင့်ပင် သုတ်နေလေ၏။

မန္တလေးမြို့ တစ်ခုသော ဆင်ခြေဖုံးရပ်ကွက်ရှိ နှစ်ထပ်တိုက် ကလေးသည် ခေတ်မီခြင်း မရှိသော်လည်း သပ်သပ်ရပ်ရပ်ပင် တည်ရှိ

mgyoe.com

mgyoe.com


နေသည်။ ဝင်းခြံတွင်းရှိ ပန်းပင်များသည်လည်း အစဉ်မပြတ် ဂရုစိုက်ပြီး ပြုစုပေးလေသောကြောင့် ဝေဝေဆာဆာပင် ဖူးပွင့်နေကြ၏။ ၎င်းနှစ်ထပ်တိုက်ကလေးကို ပိုင်ဆိုင်သူမှာ သတင်းစာဆရာတစ်ဦးဖြစ်သူ ကိုထွန်းဦးပင်ဖြစ်လေသည်။ သို့သော် ကိုထွန်းဦးထက် ၎င်း၏ ဇနီးဖြစ်သူ အထက်တန်းကျောင်းဆရာမကြီး ဒေါ်တင်တင်ချို (ဘီအေ ဘီအီးဒီ)ကို ပို၍ လူသိများလေသောကြောင့် ဆရာမကြီး ဒေါ်တင်တင်ချိုတို့အိမ်ဟုပင် လူတွေက ခေါ်စမှတ်ပြုကြလေသည်။

ဆရာမကြီး ဒေါ်တင်တင်ချိုသည် အသက် ၃၅ နှစ်ခန့်ရှိပြီး အသားဖြူဖြူ အရပ်မနိမ့်မမြင့် ဖြစ်သည်။ ကိုယ်လုံးကိုယ်ပေါက်မှာ အရပ်နှင့်စာလျှင် အနည်းငယ် ဝနေသော်လည်း ကြည့်ကောင်းလေသည်။ ကျောင်းဆရာမ တစ်ဦးပီပီ အစစအရာရာ၌ စည်းကမ်းတကျ ပြုမူပြောဆို နေထိုင်သည်ကို နှစ်သက်၏။ ငယ်စဉ်က အင်္ဂလိပ်သာသနာပြု ကျောင်းတစ်ခုတွင် ကြီးပြင်းလာသူတစ်ဦးဖြစ်၍ မိမိတပည့်များကို သင်ကြားပို့ချရာ၌ ကျောင်းစာအပြင် လူမှုရေးရာ ပေါင်းသင်းဆက်ဆံရေး၊ ကျန်းမာရေး၊ အိမ်တွင်းလက်မှုပညာ စသည်တို့ကိုလည်း အချိန်အားလပ်တိုင်း သင်ကြားပြသခြင်း ပြုခဲ့လေသည်။ မိမိ၏ ရင်သွေးနှစ်ယောက်ဖြစ်သော မောင်စိန်ထွန်းနှင့် မောင်တင်ထွန်းတို့ကို ညနေ ကျောင်းဆင်းချိန်နှင့် ကျောင်းအားရက်များတွင် အချိန်သတ်မှတ်ပေး၍ အိမ်နောက်ဖေးရှိ အနည်းငယ်မျှသော မြေကွက်တွင် ဟင်းသီးဟင်းရွက်မျိုးစုံကို ရာသီလိုက် စိုက်ပျိုးလုပ်ကိုင်စေပြီး ပန်းပင်များကိုလည်း မိမိကိုယ်တိုင် ကြပ်မတ်ကွပ်ကဲ၍ စိုက်ပျိုးလုပ်ကိုင်စေခဲ့လေသည်။ ထို့ကြောင့်ပင် မာလီကုလား မရှိသော်လည်း ပန်းပင်များမှာ ဝေဝေဆာဆာ ဖူးပွင့်နေကြခြင်း ဖြစ်လေ၏။

မောင်စိန်ထွန်းနှင့် မောင်တင်ထွန်းတို့ ညီအစ်ကိုနှစ်ယောက်မှာ

mgyoe.com

mgyoe.com


လည်း အခြား မိမိတို့နှင့် ရွယ်တူကျောင်းသားလေးများလို ကျောင်းအားရက်များတွင် ရုပ်ရှင်ရုံ၊ ဈေးတန်းတို့သို့ လမ်းသလားနေချိန်မရဘဲ လုပ်စရာရှိတာလုပ်၊ ပြီးလျှင် စာဖတ်၊ တစ်ရံတစ်ခါ အချိန်ရလျှင် ရေဒီယို နားထောင်ပြီး စောစောစီးစီး အိပ်ရာသို့ ဝင်တတ်ကြလေသည်။ တစ်ခါတစ်ရံ ဥယျာဉ်မှထွက်သော ဟင်းသီးဟင်းရွက်နှင့် ပန်းများကို ဖောက်သည်မိန်းမကြီးတစ်ဦးအား ရောင်းချတတ်လေရာ ထိုအခါများတွင် ရရှိသောငွေကို ဒေါ်တင်တင်ချိုသည် ညီအစ်ကိုနှစ်ယောက်အား အညီအမျှ ခွဲဝေပေးတတ်လေသည်။ ဈေးသည်မိန်းမကြီးကလည်း အထူးတလည် ချီးမွမ်းပြောဆိုပြီး မုန့်ဖိုးများ ထုတ်ပေးတတ်လေရာ "အလကားရတာတော့ မလိုချင်ဘူးဗျ" ဟု ပြန်ပြောပြီး ညီအစ်ကိုနှစ်ယောက်စလုံးက ငြင်းပယ်၍ လက်မခံကြချေ။ နေ့စဉ် ရရှိသော မုန့်ဖိုးများပင် သုံးမကုန်အောင် ရှိနေတတ်ရာ တစ်ခါတစ်ရံ တောကညွှဲ့သည်များ ရောက်လာလျှင် ငွေအရေးကြီးလာတတ်သော ဖခင်အား အချို့တစ်ဝက် ပြန်ပေးကြပြီး ပိုသောငွေများကို ဝတ္ထုနှင့် မဂ္ဂဇင်းစာအုပ်များ ဝယ်ယူဖတ်ရှုတတ်ကြလေသည်။ မိမိကိုယ်ကိုယ်သာ အားကိုးတတ်သောစိတ်ကို ညီအစ်ကိုနှစ်ယောက်စလုံးသည် ငယ်စဉ်ကပင် နားလည်၍ လာကြလေ၏။

ကိုထွန်းဦးကတော့ အသက် ၄၀ ခန့်ရှိပြီး သတင်းစာတိုက်တစ်ခုတွင် တွဲဖက်အယ်ဒီတာအလုပ်ကို လုပ်ကိုင်နေသည်။ အသားညိုညို၊ အရပ်မြင့်မြင့်၊ ပိန်ပိန်ပါးပါးနှင့် မျက်ခုံးကောင်းကောင်းရှိ၍ ခံ့ချောချောသူတစ်ယောက် ဖြစ်သည်။ မျက်မှန်တပ်ထားပြီး အလွန်စကားနည်း၍ ဣန္ဒြေကြီးတစ်ခွဲသားနှင့် နေထိုင်တတ်လေသည်။ သတင်းစာ အယ်ဒီတာအလုပ်ကို လုပ်ကိုင်၍နေသော်လည်း ၎င်း၏ ဘဝမှန်မှာ တောတွင်း ပါတီတစ်ခု၏ လျှို့ဝှက်စည်းရုံးရေးမှူးသာ ဖြစ်လေသည်။

ကိုထွန်းဦးနှင့် မတင်တင်ချိုတို့သည် ဒုတိယကမ္ဘာစစ်မတိုင်မီ နှစ်

mgyoe.com

mgyoe.com


နှစ်အလိုခန့်တွင် ညားကြသော လင်မယားဖြစ်၏။ ထိုစဉ်က ၎င်းတို့ နှစ်ယောက်စလုံးပင် ကျောင်းကထွက်ခါစ ဖြစ်သည်။ ကိုထွန်းဦးသည် ကျောင်းသားဘဝတွင် အရေးပါသော ကျောင်းသားနိုင်ငံရေး ခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့သည်။ သို့သော် ထင်ပေါ်မှုကို မလိုလား၍ နောက်ပိုင်းမှသာ လှုပ်ရှားမှုတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ကိုထွန်းဦးနှင့် မတင်တင်ချိုတို့ ညားကြပုံမှာ ထူးထူးဆန်းဆန်း မဟုတ်ပါချေ။ မတင်တင်ချိုတို့ မိဘများမှာ အလတ်တန်းစား ပွဲစားများဖြစ်၍ ငွေကြေးအသင့်အတင့် ပြည့်စုံသူများ ဖြစ်သည်။ ကိုထွန်းဦးတို့ဖခင်သည် အငြိမ်းစား မြို့ပိုင်တစ်ဦးဖြစ်၍ နှစ်ဖက်သောမိဘများက သဘောတူပေးစား၍ ညားကြသော လင်မယားသာလျှင် ဖြစ်လေ၏။ ယောက္ခမဖြစ်သူများသည် ကိုထွန်းဦးအား ၎င်းတို့၏ စီးပွားရေးလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်စေလိုသော ဆန္ဒရှိခဲ့သည်။ သို့သော် ကိုထွန်းဦးကတော့ ယောက္ခမများ၏ ဆန္ဒကို ဘယ်လိုမှ ဖြည့်စွက်ရန် မကြိုးစားခဲ့ပေ။ ကျောင်းမှထွက်သည်နှင့် တစ်ပြိုင်နက် နိုင်ငံရေးလောကသို့ ခြေစုံပစ်ဝင်ခဲ့လေသည်။ လင်မယားနှစ်ယောက်စလုံး တက္ကသိုလ်သို့ တစ်နှစ်တည်း အတူ ရောက်လာကြသူများ ဖြစ်သော်လည်း ကိုထွန်းဦးမှာ ကျောင်းသားလှုပ်ရှားမှုများတွင်သာ ဦးစားပေးဆောင်ရွက်နေခဲ့သောကြောင့် တင်တင်ချို ဘီအေ၊ ဘီအီးဒီ အောင်သောနှစ်မှ ဘီအေကို အနိုင်နိုင် ဖြေဆိုအောင်မြင်နိုင်ခဲ့လေသည်။

ထိုစဉ်ကမူ တစ်တိုင်းပြည်လုံးက နယ်ချဲ့ဆန့်ကျင်ရေးကို ကြွေးကြော်လုပ်ကိုင်နေချိန်ဖြစ်၍ တင်တင်ချိုလည်း လင်ယောကျ်ား လုပ်ကိုင်နေသော နိုင်ငံရေးတွင် စိတ်မဝင်စားလှသော်လည်း ကန့်ကွက်ပြောဆိုခြင်း မရှိဘဲ မိမိတတ်နိုင်သည့်ဘက်ကပင် ကူညီအားပေးခဲ့လေသည်။ ကျောင်းဆရာမလုပ်၍ ရရှိသော လစာငွေကိုလည်း လင်ယောကျ်ား၏ နိုင်ငံရေး အသုံးစရိတ်တွင်သာ ပုံအပ်ခဲ့ရှာသည်မှာ နောက်ဆုံး လင်တော်

mgyoe.com

mgyoe.com


မောင် ဖက်ဆစ်တော်လှန်ရေးအတွက် ဗမာ့တပ်မတော် ဘီဒီအေသို့ ဝင်ရောက်သွားချိန်အထိပင် ဖြစ်လေသည်။

စစ်ကြီးပြီးဆုံးသောအခါ ကိုထွန်းဦးသည် ဗမာ့တပ်မတော်မှ နုတ်ထွက်ပြီး မန္တလေးမြို့တွင် အခြေစိုက်၍နေသည်။ စစ်ကြီးအတွင်း မိဘများကွယ်လွန်၍ တစ်ဦးတည်းသောသား ဖြစ်သည့်အတိုင်း တိုက်အိမ်ကလေးတစ်ခုနှင့် ဖခင်ဖြစ်သူ၏ အသက်အာမခံငွေ အနည်းငယ်မျှကို ရရှိလိုက်သည်။ တင်တင်ချိုလည်း မန္တလေးတွင်ပင် ကျောင်းဆရာမ အလုပ်ကို ရရှိပြီး အတူတကွ နေထိုင်ကြလေ၏။ တင်တင်ချို၏ မိဘများလည်း ကွယ်လွန်သွားရာ တင်တင်ချိုသည် မိဘများ၏ ပွဲစားလုပ်ငန်းကို လင်ယောကျ်ားအား ဦးစီးလုပ်ကိုင်စေလိုသည်။ ပွဲစားကြီး ကွယ်လွန်ခဲ့သော်လည်း ယုံကြည်စိတ်ချရသော မန်နေဂျာနှင့် ကျွမ်းကျင်သော အလုပ်သမားများ ရှိနေသေးသည့်အပြင် အသိမိတ်ဆွေ ကုန်သည်အချို့ကလည်း အရင်းအနှီးလိုအပ်ပါက ထုတ်ပေးရန် အသင့်ရှိနေကြလေသည်။

သို့သော် ကိုထွန်းဦးသည် တော်လှန်ရေးကာလအတွင်း ကွန်မြူနစ်များနှင့် ပူးပေါင်းမိကာ ကျောင်းသားဘဝကလည်း မာ့ခ်(စ်)ဝါဒကို အတော်အတန် လေ့လာထားမိသူဖြစ်၍ ကွန်မြူနစ်ဝါဒီစင်စစ်တစ်ယောက် ဖြစ်သွားခဲ့လေသည်။ ထို့ကြောင့် ဖက်ဆစ်တော်လှန်ရေးပြီးဆုံး၍ တပ်မတော်မှ နုတ်ထွက်သွားသောအခါ ကွန်မြူနစ်တို့၏ လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်နေခဲ့ပြန်လေသည်။ သို့သော် ထင်ပေါ်မှုကို မလိုလားသော ၎င်း၏ ဝါသနာအတိုင်း နောက်ပိုင်းမှသာ ပါဝင်ဆောင်ရွက်နေခဲ့ရာ မည်သူမှ ၎င်းအား ကွန်မြူနစ်တစ်ယောက်ဖြစ်ကြောင်း မသိကြချေ။ နိုင်ငံရေးလုပ်သည်ကိုပင် သိသူ အလွန်နည်းပါးလေသည်။ ထို့ကြောင့်လည်း ကွန်မြူနစ်ပါတီတစ်ခုလုံး လက်နက်ကိုင်ပြီး တောခိုသွားသော

mgyoe.com

mgyoe.com


အခါ လိုက်ပါသွားခြင်းမပြုဘဲ မြေပေါ်မှနေ၍သာ စည်းရုံးရေးတာဝန်ကို ထမ်းဆောင်၍ လိုအပ်သော အကူအညီများကို လျှို့ဝှက်စွာ ပေးနေနိုင်ခြင်းဖြစ်လေသည်။ လက်ရှိ အယ်ဒီတာအလုပ်သည်လည်း တစ်ဖက်တစ်လမ်းမှနေ၍ အထောက်အပံ့ ရစေခဲ့လေ၏။ သို့သော် အချိန်မရွေး လိုအပ်လာပါက တောတွင်းသို့ လိုက်ပါသွားရန်အတွက်လည်း အဆင်သင့်ပင် ဖြစ်နေလေသည်။ ၎င်းကိစ္စကိုမူ မိမိ၏ဇနီးသည်ကိုပင် အသိမပေးဘဲ လျှို့ဝှက်ထားလေသည်။

ဒေါ်တင်တင်ချိုသည် လင်ယောကျ်ားအား စီးပွားရေးလုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်ရန် တိုက်တွန်းမရသည့်အပြင် အန္တရာယ်မကင်းသော တောတွင်းတော်လှန်ရေးသမားနှင့် ဆက်သွယ်နေပြန်သည့်အတွက် မိန်းမတို့သဘာဝအတိုင်း များစွာ ပူပန်နေမိလေ၏။ ထို့ကြောင့်ပင် ဒေါ်တင်တင်ချိုသည် မကြာခဏဆိုသလို အထက်တွင် ဖော်ပြသည့်အတိုင်း လင်ယောကျ်ား စိတ်ပြောင်းသွားစေရန် နည်းအမျိုးမျိုးဖြင့် ဖျောင်းဖျပြောဆိုနေခြင်း ဖြစ်လေသည်။ ၎င်းတို့ လင်မယားနှစ်ယောက်သည် အခြားလင်မယားများလို ခင်တို့၊ မောင်တို့ကို မသုံးစွဲမူဘဲ ကျောင်းသားဘဝလိုပင် ကိုထွန်းဦး၊ တင်တင်ချိုဟူ၍ တစ်ဦးကိုတစ်ဦး ခေါ်တတ်ကြသည်။

"ပူရမှာပေါ့၊ မပူဘဲ နေလို့ရမလား။ ရှင်လုပ်ပုံက ဟုတ်မှမဟုတ်ဘဲ၊ နိုင်ငံရေးမလုပ်ဘဲ မနေနိုင်ရင်လည်း စီးပွားရေးတစ်ခု လက်ကိုင်ထားပြီး တစ်ဖက်က လုပ်နေပါလား။ အခုတော့ ကျွန်မ ပြောပဲ မပြောချင်တော့ဘူး။ ပြောနေလည်း အပိုပဲ"

"ဒီလိုလည်း ဘယ်ဟုတ်ဦးမလဲလေ၊ အလုပ်နှစ်ခုကို တစ်ပြိုင်တည်းလုပ်လို့ ဘယ်တော့မှ နှစ်ခုစလုံး ထိထိရောက်ရောက် အောင်မြင်မလာနိုင်ဘူး။ ဘာလဲ၊ နင်က စီးပွားရေးချည်း ပြောပြောနေတာက နင့်လုပ်စာချည်း ထိုင်စားနေရလို့လား"

mgyoe.com

mgyoe.com


"ရှင် ကျွန်မကို အဲသည်လို မစွပ်စွဲနဲ့နော်၊ ရှင်လုပ်ပုံမဟုတ်လို့ ပြောနေတာ။ ရှင် ကျွန်မတို့သားအမိတွေကို ဂရုမစိုက်လို့ပြောနေတာ"

"ဟ... ဂရုမစိုက်လို့ ကျုပ်က ဘာလုပ်နေလို့လဲ"

"ဘာမှမလုပ်လို့ ပြောနေတာပေါ့၊ ဂရုစိုက်ရင် ကျွန်မပြောတာ လည်း တစ်ခါတလေ နားထောင်ရမှာပေါ့"

"အို... ဒါကတော့ ကျုပ်ယုံကြည်ချက်နဲ့ ကျုပ်လုပ်နေတာပဲ။ ကိုယ်တစ်ယောက် ကောင်းစားရေးထက် အများကို ကြည့်ရဦးမှာပေါ့"

"တော်ပါတော့ရှင်၊ ရှင်ဟာ ကျွန်မကိုလည်း ချစ်တာမဟုတ်ဘူး။ မိဘပေးစားလို့ မလွှဲသာလို့ ပေါင်းနေတယ်ဆိုတာ ကျွန်မသိပါတယ်" ဒေါ်တင်တင်ချို၏အသံမှာ အနည်းငယ် ငိုသံပါလာသည်။

"အိုကွာ... နင်ဟာလေ ကလေးစကားတွေ ပြောနေပြန်ပြီ၊ ငါ စိတ်ရှုပ်လာပြီဟယ်"

"စိတ်ရှုပ်ရင် လဲသေလိုက်ပါလား"

"မတင်ချို... နင်တော်တော့နော်၊ ငါ ထရိုက်မိလိမ့်မယ်"

"ရိုက်ရဲရင် ရိုက်ကြည့်ပါလား"

"ကဲ့... ကွာ..."

ကိုထွန်းဦးသည် မျက်မှန်ကို ပြန်တပ်လိုက်ပြီး ဒေါ်တင်တင်ချို ရပ်နေသော ပြတင်းပေါက်နားသို့ ရုတ်တရက် လျှောက်လာသည်။ ဒေါ်တင်တင်ချိုသည် မိမိအား တကယ်ရိုက်မည်အောက်မေ့၍ မျက်လုံး ကလေး ကလယ်ကလယ် ဖြစ်နေရှာ၏။ ကိုထွန်းဦးသည် ဒေါ်တင်တင် ချို၏ ဘယ်ဘက်ပခုံးကို ဆုပ်ကိုင်လိုက်ပြီး ညာလက်ဖြင့် ရိုက်ရန် ရွယ် လိုက်သလို လုပ်ပြီးမှ ဒေါ်တင်တင်ချို၏ မျက်ရည်များ ရစ်ဝဲ၍ သနားစရာ မျက်နှာကို မြင်ရ၍လား၊ သို့တည်းမဟုတ် ယောကျ်ားမာယာတစ်ခုလို့ ဆိုရမည်လား မပြောတတ်၊ တကယ်မရိုက်တော့ဘဲ ဒေါ်တင်တင်ချို၏

mgyoe.com

mgyoe.com


ရင်ဘတ်ကို လက်ညှိုးထိုးပြီး...

"နင်... နောက်တစ်ခါ အဲဒီလို မပြောပါနဲ့တော့ကွယ်၊ နော်... ဟုတ်လား၊ အမှန်ကတော့ ကိုယ်က မကြိုက်ဘဲနဲ့ ယူပါ့မလား။ ကျောင်းသားဘဝတုန်းက အလုပ်တွေများလွန်းလို့ ဘယ်မိန်းကလေးကိုမှ ချစ်ရေးဆိုဖို့ အချိန်မရခဲ့ပေမဲ့ တစ်နေ့ အချိန်ရလို့ ချစ်ရေးဆိုခဲ့ရင် မင်းကိုပဲ ဆိုမယ်လို့ ငါ့ဒိုင်ယာရီထဲ ရေးထားတာ၊ မင်းတောင် တွေ့သွားလို့ နှစ်ယောက်သား ရယ်နေခဲ့ကြသေးတယ်မဟုတ်လား"

နိုင်ငံရေးသမားကြီး ကိုထွန်းဦးတစ်ယောက်ကတော့ အချစ်ရေးကိစ္စများတွင် ဤမျှ ကဗျာမဆန်တတ်သူ တစ်ယောက်ပါပေ။ ထိုသို့ပြောပြီး ဒေါ်တင်တင်ချို၏နဖူးကို ယုယစွာ တစ်ချက် နမ်းရှုပ်လိုက်လေသည်။

ဒေါ်တင်တင်ချိုသည် ပြတင်းပေါက်ကို ကျောပေး၍ရပ်နေရာ အိမ်ရှေ့တံခါးမှ ဒရိုင်ဘာကိုကျော်စိန် ဝင်လာသည်ကိုမြင်၍ မျက်နှာတစ်ချက် နီမြန်းသွားပြီး ကိုထွန်းဦး၏လက်များကို အသာဖယ်ရှားပြီး ထွက်သွားလေ၏။ ကိုထွန်းဦးသည် ကိုကျော်စိန်ဝင်လာသည်ကိုမသိဘဲ ဇနီးသည် မျက်နှာတစ်ချက် နီမြန်းသွားသည်ကိုပင် စိတ်ထဲက ဒီအရွယ်ကျမှ ရှက်တတ်ရန်ကော အောက်မေ့ပြီး အပြင်ဘက်သို့ ကြည့်နေလိုက်ရာ ကျောင်းမှ ပြန်လာသော သားနှစ်ယောက်ကို လှမ်းမြင်၍ ပြတင်းပေါက်ပေါင်တွင် လက်တင်ပြီး ရပ်ကြည့်နေလိုက်လေသည်။ မောင်စိန်ထွန်းနှင့် မောင်တင်ထွန်းတို့ ညီအစ်ကိုနှစ်ယောက်သည် မိမိတို့ကိုယ်တိုင် ခြံဝင်းနှင့်ကပ်၍ စိုက်ပျိုးထားသော ပန်းပင်များကို တယုတယ ကိုင်တွယ်ကြည့်ရှုနေလိုက်ပြီးမှ အိမ်ဘက်သို့ ဆက်၍ လျှောက်လာကြလေသည်။ ကိုထွန်းဦးသည် ဇနီးသည် ရှိနေသေးသည်ထင်၍...

"ဟော... ကလေးတွေတောင် ကျောင်းဆင်းလာပြီ၊ ရေသွားချိုးချေ

mgyoe.com

mgyoe.com


တော့” ဟု ပြောလိုက်၏။

နောက်တွင် ရပ်နေသော ကျော်စိန်သည် မိမိအား ပြောသည်မှတ်၍...

“ဆရာ ကျွန်တော် နေမကောင်းလို့ မချိုးတော့ဘူး”

“မင်းမေဂလိန်း”

ရုတ်တရက် လန့်သွားပြီး နောက်ပြန် လှည့်ကြည့်လိုက်ရာ... အိပ်ခန်းသို့ ဝင်မည်ပြုနေသော ဇနီးသည်က တစ်ချက်လှည့်ကြည့်ပြီး ပြုံးပြသွားမှ ပြန်သတိရပြီး ရှက်ရှက်နှင့်...

“နေမကောင်းရင်လည်း သေနေပါလား၊ အသံမပေး ဘာမပေးနဲ့...”

“ဟောဗျာ... ကျွန်တော် ခုံဖိနပ်ကြီးနဲ့ ဝင်လာတာပဲ။ ဆရာက ဆရာကတော်ကို ကိ(စ်)ပေးနေတော့ သတိတွေ၊ ဘာတွေ လစ်သွားတယ် ထင်ပါရဲ့၊ ဟီ... ဟိ”

“ကြည့်စမ်း... ဒီကောင် ငါလုပ်လိုက်ရ မကောင်းဘူး”

“ယောကျ်ားချင်း ဘယ်ကောင်းပါ့မလဲဆရာ”

“တော်စမ်းပါကွာ၊ နောက်မနေစမ်းပါနဲ့။ ကဲ... ဆို၊ ဘာကိစ္စလဲ”

“စာပေးမလို့ပါဆရာ၊ ကိုတင်အေး လာပေးသွားတယ်၊ အဖော်တစ်ယောက်လည်း ပါလာသေးတယ်ပြောတယ်။ ဆရာနဲ့ ဆွေးနွေးစရာရှိလို့တဲ့”

“အေး... ကောင်းပြီ၊ မင်း လျှောက်လည်မနေနဲ့ဦးနော်၊ အကြောင်းထူးရှိတယ်နဲ့တူတယ်”

“ဟုတ်ကဲ့... ဆရာ”

ကျော်စိန်သည် စာပေးပြီး ထွက်သွားလေသည်။ ကျော်စိန်မှာ ခေတ်ပညာ ဆယ်တန်းမျှ တတ်သူတစ်ယောက်ဖြစ်သည်။ အသက်

mgyoe.com

mgyoe.com


၃၀ ခန့်ရှိပြီး လူပျိုကြီးဖြစ်၏။ ဖက်ဆစ်တော်လှန်ရေးတွင် တပ်စုမှူး ဖြစ်ခဲ့ပြီး ကွန်မြူနစ်ပါတီဝင်တစ်ဦးလည်း ဖြစ်လေသည်။ အများတကာ က ရိုးရိုးဒရိုင်ဘာဟု ထင်နေကြသော်လည်း အမှန်မှာ အလွန်ဖျတ်လတ် ပြီး အစစအရာရာ စိတ်ချရသောကြောင့် ကိုထွန်းဦး၏ တပည့်အရင်း လူယုံတော်တစ်ဦး ဖြစ်နေလေသည်။ အသားညိုညို၊ အရပ် မနိမ့်မမြင့်နှင့် အလွန်စကားပြောကောင်းသူတစ်ယောက်လည်း ဖြစ်သည်။ ကိုထွန်းဦး နှင့် ဖက်ဆစ်တော်လှန်ရေးမှစ၍ အတူတကွ လုပ်ကိုင်နေခဲ့ကြရာမှ ဝါဒ တစ်ခုတည်းကို အတူယုံကြည်လာရပြန်သောအခါ တစ်ယောက်နှင့် တစ်ယောက် ခွဲခွာ၍မရနိုင်အောင် ဖြစ်လာကြလေတော့သည်။ ကိုထွန်းဦး က အလွန်အားကိုးသလို ကျော်စိန်ကလည်း သူ့ဆရာအတွက်ဆိုလျှင် အသက်ပင် အသေခံဝံ့သူ ဖြစ်သည်။

ကိုထွန်းဦးသည် တပည့်ဖြစ်သူ ထွက်သွားလျှင် နောက်က ခေါင်း တညိတ်ညိတ်နှင့်ကြည့်နေပြီး စာကိုဖောက်၍ ဖတ်နေလိုက်သည်။

❐

mgyoe.com

mgyoe.com

# ( ၂ )

"မေမေ၊ ကော်ဖီဖျော်ထားတာ ရှိလား"

တင်ထွန်းသည် ကျောင်းအဝတ်အစားများကို လဲရင်း မေးလိုက်သည်။ ပန်းခြံတွင် ပေါင်းပင်များကို ရှင်းရန် ကာကီဘောင်းဘီရှည်၊ စပို့ရှပ်အစိမ်းရောင်ကိုဝတ်ပြီး မိုးတွင်းစီး ရော်ဘာဖိနပ်ရှည်ကို ကောက်စွပ်လိုက်သည်။

"ရှိတယ်သား၊ မေမေဖျော်ထားတယ်။ မုန့်တော့မရှိဘူး၊ သားတို့ဆာရင် ကိုကျော်စိန်ကြီးကို သွားဝယ်ခိုင်းလိုက်မယ်လေ"

"နေပါစေတော့ မေမေ၊ ကျွန်တော်တို့ သိပ်မဆာပါဘူး။ ထမင်းစားလည်း ပျက်နေဦးမယ်"

အဝတ်အစားလဲပြီးပြီဖြစ်သော စိန်ထွန်းသည် မီးဖိုချောင် တံခါးဝတွင် လက်နှစ်ဖက်ကာ၍ ရပ်ပြီး ပြောလိုက်သည်။

အစ်ကိုစိန်ထွန်းကို အမေက ပိုချစ်ပြီး ညီတင်ထွန်းကို အဖေက ပိုချစ်သည်ဟု ကိုကျော်စိန် တစ်ခါ ပြောဖူးလေသည်။ အစ်ကိုစိန်ထွန်းသည် ငါးတန်းတွင် ရောက်နေပြီး စိတ်အလွန်ပျော့သည်။ မိန်းကလေးဆန်ဆန် အားငယ်တတ်ပြီး အရှက်အကြောက်ကြီးသူလည်း ဖြစ်သည်။

mgyoe.com

mgyoe.com


အရပ်မှာ ပိန်ပိန်ပါးပါးနှင့် ၎င်း၏ အသက်အရွယ်နှင့်စာလျှင် အနည်းငယ် ရှည်၍နေသည်။ မျက်လုံးအနည်းငယ်ပြူးခြင်း၊ ပါးမှာ သွယ်လျလျဖြစ်နေခြင်းတို့မှာ ဖအေနှင့်တူပြီး အသားအရေမှာ မအေနှင့်တူ၍ ဖြူလေသည်။ သပ်သပ်ရပ်ရပ် နေထိုင်တတ်ပြီး အသန့်အပြန့် အလွန်ကြိုက်သည်။

ညီတင်ထွန်းမှာ အရပ်အားဖြင့် အစ်ကိုနှင့် မတိမ်းမယိမ်းပင် ဖြစ်သည်။ အတန်းအားဖြင့် လေးတန်းဖြစ်၏။ မျက်လုံးနှင့် နှာခေါင်းတို့မှာ မအေနှင့်တူသည်။ အသားညိုပြီး အဝတ်အစားကို သိပ်ဂရုမစိုက်တတ်ချေ။ ထူးခြားသည်မှာ ဘယ်နေရာတွင်မဆို မဟုတ်မခံ ဆတ်ဆတ်ကြဲကလေးဖြစ်ပြီး စဉ်းစားဉာဏ်လည်း အစ်ကိုထက် ပိုကောင်းလေသည်။

တစ်ခါသော် ကျောင်းသွားခါနီး မိဘနှစ်ယောက်သည် အကြောင်းကိစ္စတစ်ခုကြောင့် စကားများနေကြသည်။ ထိုစဉ်မှာပင် ညီအစ်ကိုနှစ်ယောက် နေ့လယ်စာအတွက် ကော်ဖီဖျော်ထည့်ထားသော ဓာတ်ဘူးကိုယူလာသော စိန်ထွန်းသည် မီးဖိုချောင်မှအထွက် ချော်လဲ၍ ကျကွဲသွားလေ၏။ စိန်ထွန်းသည် အကြောက်လွန်ပြီး မျက်လုံးမျက်ဆန်ပြူးကာ စကားပင် ကောင်းစွာ မပြောနိုင်ရှာတော့ပေ။ ထိုအခါ တင်ထွန်းက...

"အစ်ကို အသာနေ၊ ကျွန်တော့်ကြောင့် ကွဲသွားတယ် ပြောလိုက်မယ်" ပြောပြောဆိုဆို အိမ်ရှေ့ခန်းသို့ ထွက်လာသည်။

ဒေါ်တင်တင်ချိုက...

"ဟော့... ဘာဖြစ်တာလဲ၊ မီးဖိုချောင်ထဲ" ဟု လှမ်းအော်သည်။

တင်ထွန်းကလေးသည် ဣန္ဒြေမပျက်ပင်...

"မေမေ၊ ကျွန်တော် ချော်လဲလို့ ဓာတ်ဘူးကျကွဲသွားပြီ" ဟု ပြောလိုက်၏။

"နင် မျက်စိမမြင်ဘူးလား၊ ကန်းနေသလား နင့်မျက်စိ၊ အလကား

mgyoe.com

mgyoe.com


ရထားတဲ့ပစ္စည်း မှတ်နေသလား။ နေဦး၊ နင်တော့ မှတ်လောက်အောင် ဆုံးမဦးမယ်"

ပြောပြီး စားပွဲပေါ်တွင် အဆင်သင့်သိမ်းထားသော ကြိမ်တုတ်ကို လှမ်းယူလိုက်သည်။ စိန်ထွန်းသည် မိမိကြောင့် ညီလေး အရိုက်ခံရတော့မည်ကို တွေ့ရသောအခါ မျက်နှာပျက်ပြီး မိမိပင် အရိုက်ခံစေတော့ဟု အမှန်အတိုင်း ဝင်ပြောမည်ပြုစဉ် တင်ထွန်းလေးသည် မျက်နှာတစ်ချက်မျှ မပျက်ဘဲ...

"မေမေ၊ အခု ဖေဖေနဲ့ စကားများပြီး စိတ်ဆိုးနေချိန်မှာ ကျွန်တော့်ကို မရိုက်ပါနဲ့။ မေမေရိုက်ရင် ကျွန်တော် တစ်ချက်မှမငိုဘူး"

ဟူ၍ တင်းတင်းပြန်ပြောလိုက်သည်။ ဒေါ်တင်တင်ချိုသည် ပို၍ ဒေါသဖြစ်လာကာ...

"အောင်မယ်... နင်က ကြီးကြီးကျယ်ကျယ်၊ ငါရိုက်လို့ နင်မငိုဘဲ ခံနိုင်မလား ဟင်း"

ပြောပြောဆိုဆို အနားကပ်လာရာ တင်ထွန်းလေးက...

"မေမေ နောက်မှ ရိုက်ရင်ရိုက်နော်၊ အခုရိုက်ရင် ကျွန်တော် ဒီအိမ်ပေါ်က ခုန်ချလိုက်မယ်" ဟု ပြန်ပြောသောကြောင့် အနည်းငယ် တွန့်သွားလေတော့သည်။ ထိုအချိန်မှာပင် ကိုကျော်စိန် ရောက်လာပြီး...

"တော်ပါတော့မမရယ်၊ မတော်လို့ဖြစ်တာပဲ။ ကလေးတွေ ကျောင်းသွားခါနီး စိတ်မချမ်းသာရင် ကျောင်းစာ စိတ်ဝင်စားတော့မှာ မဟုတ်ဘူး။ လာ... လာ၊ စိန်ထွန်းလည်းလာ၊ သွားတော့မယ်" ဟု ဝင်ပြောပြီး နှစ်ယောက်စလုံးကို ကျောင်းသို့ ပို့လိုက်တော့သည်။

ထိုနေ့ညနေ ကျောင်းဆင်းလာသောအခါ စိတ်ဆိုးပြေ၍ သီချင်း တကြော်ကြော်နှင့် ဇာထိုးနေသော ဒေါ်တင်တင်ချိုဆီသို့ တင်ထွန်းသည် ကြိမ်တုတ်ကလေးကိုင်၍ ရောက်လာပြီး...

mgyoe.com

mgyoe.com


"မေမေ၊ မေမေရိုက်ချင်ရင် ရိုက်နိုင်ပါပြီ" ဟုပြောပြီး ကြိမ်တုတ်ကို လှမ်းပေးသည်။ ဒေါ်တင်တင်ချိုမှာ အံ့အားသင့်၍ သွားလေ၏။ သားငယ်၏သတ္တိကိုလည်း စိတ်တွင်းမှ ချီးကျူးမိကာ မျက်ရည်များပင် ရစ်ဝဲ၍လာရှာသည်။ သားလေး၏လက်ကိုဆွဲပြီး နဖူးတွင် တစ်ချက် နမ်းလိုက်ပြီး...

"မေမေ မရိုက်တော့ပါဘူး သားရယ်၊ သားရဲ့ သတ္တိကိုလည်း မေမေ ချီးကျူးပါတယ်"

"ဒါဖြင့် မေမေ၊ ကျွန်တော် ဓာတ်ဘူးအသစ် ပြန်ရတဲ့အထိ မုန့်ဖိုး မယူတော့ဘူးနော်"

ဒေါ်တင်တင်ချိုသည် တင်ထွန်းကို ပို၍ သနားသွားမိလေ၏။

"တော်ပါတော့သားရယ်၊ မေမေ သိပြီးပါပြီ။ ဟိုကောင်မလေး ပြောပြလို့ မေမေ အားလုံးသိပြီးပါပြီ။ ငါ့သားမှာ အပြစ်မရှိပါဘူး"

တင်ထွန်းလည်း မျက်လုံးပြူးသွားပြီး အိမ်ဖော်မလေး အနှင်းကို ဒေါပွသွားလေ၏။

အစ်ကို့အတွက် စိတ်မချရှာ၍...

"ဟင်... မေမေ၊ စိန်ထွန်းကိုလည်း မရိုက်ရဘူးနော်" ဟု ပြောလိုက်ပြန်သည်။

"မရိုက်တော့ပါဘူးကွယ်၊ ဘယ်သူ့ကိုမှ မရိုက်တော့ပါဘူး။ မေမေ့သားတွေလည်း ကြီးလာပြီး လိမ္မာနေမှပဲ။ ဒီတုတ်ကိုလည်း မေမေ သိမ်းမထားတော့ပါဘူး ဟုတ်လား" ဟု ပြောပြီး ယုယုယယ ဖက်နမ်းရှာတော့သည်။

ထိုနေ့မှစပြီး ဒေါ်တင်တင်ချိုသည် ကတိတည်ခဲ့လေသည်။ အမှန်မှာ ညီအစ်ကိုနှစ်ယောက်သည် အခြားရွယ်တူကလေးများနှင့်စာလျှင် များစွာ လိမ္မာရေးခြားရှိလှသည် မဟုတ်ပါလား။

mgyoe.com

mgyoe.com


တင်ထွန်းသည် အစားကြီးသူဖြစ်၍ ကော်ဖီကို ခွက်ကြီးကြီးနှင့် ထည့်သောက်နေသည်။ တစ်ကျိုက်မော့ချလိုက်ပြီး...

"မေမေ...၊ မေမေ မနက်ကပေးလိုက်တဲ့စာကို ကျောင်းအုပ်ကြီးကို သွားပေးတော့ မေမေ သိပ်ပြီး နေမကောင်းသေးရင်လည်း ၁၀ ရက် လောက် အနားယူလိုက်ပါလို့ ပြောလိုက်တယ်။ အခုတစ်လော ဆရာတွေ အားလုံးစုံနေလို့ ၁၀ ရက်လောက်တော့ ခွင့်ပေးနိုင်တယ်လို့ ပြန်ပြောလိုက် ပါတဲ့"

"အေးကွယ်၊ မေမေလည်း အခုတလော ဘာဖြစ်နေမှန်း မသိပါ ဘူးကွယ်၊ ခေါင်းမူးမူးနေတာပဲ။ မနက်ဖြန်မှပဲ ဆရာဝန်ဆီသွားမလို့ စိတ်ကူးထားတယ်"

"မေမေ ဆရာဝန်ဆီသွားရင် စိန်ထွန်းကိုလည်း ခေါ်သွားပါလား၊ သူလည်း ခေါင်းမူးမူးနေတယ်ပြောတယ်"

ဒေါ်တင်တင်ချိုသည် အကျီချေါက်နေရာမှ ငြိမ်ငြိမ်ကလေး ကော်ဖီ သောက်နေသော စိန်ထွန်းဘက် လှည့်ပြီး...

"ဟုတ်လားသား၊ ဘာလို့ မေမေ့ကို မပြောတာလဲ၊ အခုကော ဘယ်လိုနေသေးသလဲ" ဟု မေးလိုက်သည်။

"အခုတော့ ဘာမှမဖြစ်ပါဘူးမေမေ၊ နည်းနည်းမောတယ်၊ မနက် တုန်းက ကျောင်းပေါ်တက်တော့ လှေကားထိပ်လည်းရောက်ရော ခေါင်း မူးလာတာပဲမေမေ၊ ဒါနဲ့ လှေကားထိပ်မှာ ခဏ ထိုင်နေလိုက်ရတယ်။ နောက်တော့ ပျောက်သွားတာပါပဲ"

ဒေါ်တင်တင်ချိုသည် စိန်ထွန်း၏ နဖူးကို စမ်းကြည့်လိုက်သည်။

"အဖျားတော့လည်း မရှိဘူး၊ အရင်ကကော ဖြစ်ဖူးသလား"

"ဟိုတစ်လောက ဘောလုံးကန်သွားတော့ ပြန်လည်းလာရော သတိလစ်သလိုလို ဖြစ်သွားတယ်မေမေ၊ မောလည်းမောတာပဲ၊ အခုတော့

mgyoe.com

mgyoe.com


ဘာမှ မကစားတော့ဘူး"

"ဟင်… မေမေ့ကို စောစောပြောတာမဟုတ်ဘူး၊ အခုလည်း တင်ထွန်းပြောမှပဲ သိရတော့တယ်။ ဒီလိုဆို ဆရာဝန်ပြကြည့်မှဖြစ်မယ်။ အလုပ်လည်း မလုပ်နဲ့တော့၊ အိမ်ပေါ်မှာပဲ ငြိမ်ငြိမ်ထိုင်နေ ကြားလား"

"ဟုတ်ကဲ့… မေမေ"

"မေမေ ကျွန်တော်တော့ ဘာမှမဖြစ်ဘူး၊ သွားလုပ်မယ်နော်"

တင်ထွန်းက ပြောလိုက်သည်။

"နင်လည်း မလုပ်နဲ့တော့၊ မြက်ပင်တွေကို မနက်က ကောင်မလေးကို ရှင်းခိုင်းတာ အတော်လေး ပြီးသွားပါပြီ။ မနက်ဖြန်ဆို ပြီးတော့မှာပဲ။ ကိုင်း… နှစ်ယောက်စလုံး အဝတ်အစားပြန်လဲပြီး ရေချိုးကြတော့။ မေမေ လုပ်စရာရှိတာတွေ လုပ်လိုက်ဦးမယ်"

ထိုစဉ် ကိုထွန်းဦးရောက်လာသည်။ အစိမ်းရောင် ဗန်ကောက်လုံချည် တစ်ပတ်နွမ်းနှင့် မီးခိုးရောင် သက္ကလတ်အပေါ်အင်္ကျီများ ဝတ်ထား၍ အပြင်ထွက်ဦးမည်မှာ ဗေဒင်တွက်စရာ မလိုတော့ပေ။

"မတင်ချို၊ ပိုက်ဆံ ၁၅ ကျပ်လောက် မရှိဘူးလား"

"ရှင့်မတော့ အပြင်ထွက်ဖို့နဲ့ ပိုက်ဆံတောင်းဖို့လောက်ပဲ တတ်တယ်။ ဒီမှာ ဘာဖြစ်နေတယ်ဆိုတာလည်း မသိဘူး"

"ဟင်… ဘာဖြစ်နေလို့လဲ" ပြောပြီး သားနှစ်ယောက်ကို ကြည့်နေသည်။

"စိန်ထွန်း ခေါင်းမူးမူးနေလို့တဲ့၊ ဆရာဝန်ပြဖို့ ပိုက်ဆံကုန်ဦးမယ်"

"ဩော်… ဒါလား၊ မကုန်ပါဘူးကွယ်၊ ကိုယ့်သူငယ်ချင်းဆီ ပြလိုက်ပေါ့။ ဒေါက်တာအေးလွင်ဆီလေ၊ ကိုယ် အပြန် ဝင်ပြောခဲ့ပါမယ်။ သားအမိနှစ်ယောက်စလုံး သွားကြပေါ့ ဟုတ်လား"

ဒေါ်တင်တင်ချိုသည် ခါးကြားမှ ပိုက်ဆံကိုထုတ်ပြီး ဆယ်တန်

mgyoe.com

mgyoe.com


တစ်ရွက်နှင့် ငါးကျပ်တန်တစ်ရွက်ကို ထုတ်ပေးလိုက်သည်။

"ရှင်... အရက်သောက်မလာနဲ့ဦးနော်"

"အေးပါဟ၊ အပေါင်းအသင်းနဲ့တွေ့မှ သောက်တာပါ"

"တွေ့လည်း မသောက်ရဘူး"

"အေးပါဟာ" ပြောလိုက်သူမှာ ကျော်စိန်ပင် ဖြစ်လေ၏။

"အေး... ဒါပဲ၊ နင်တို့ ဆရာတပည့် မူးလာရင်တော့ တံခါးဖွင့်မပေးဘူး၊ မှတ်ထား" ဟုပြောပြီး ဒေါ်တင်တင်ချိုသည် အနည်းငယ်ဟနေသော ထမင်းအိုးအဖုံးကို ဆောင့်ပိတ်လိုက်၏။

မကြာမီ ကားစက်နှိုးသံ ကြားရပြီး တဖြည်းဖြည်း ဝေး၍သွားလေသည်။

□

mgyoe.com

mgyoe.com

# ( ၃ )

နောက်တစ်နေ့နံနက် မိုးလင်းသောအခါ ဒေါ်တင်တင်ချိုသည် ရှောင်တခင်ခွင့် ၁၀ ရက်ပေးရန် ကျောင်းအုပ်ကြီးထံ စာရေးနေသည်။ စိန်ထွန်းနှင့် တင်ထွန်း ညီအစ်ကိုနှစ်ယောက်သည် ထမင်းစားစားပွဲတွင် ပေါင်မုန့်ထောပတ်သုတ်နှင့် ကော်ဖီကို စားသောက်နေကြ၏။

ကိုထွန်းဦးသည် ယနေ့ထုတ် သတင်းစာတစ်စောင်ကို ကိုင်၍ ထမင်းစားခန်းသို့ ဝင်လာသည်။ စပို့ရှပ်အင်္ကျီ အဖြူရောင်နှင့်အစိမ်းနှင့် အညိုကွက်လုံချည်ကို ခပ်တိုတို ဝတ်ထားသည်။ ဆံပင်ကို ဖြီးမထား၍ ဖွာကျနေသည်။ ကုလားထိုင်တစ်လုံးတွင် ထိုင်လိုက်ရင်း...

"စိန်ထွန်း၊ နေမကောင်းဘူးဆို"

"ဟုတ်တယ်ဖေဖေ၊ ခေါင်းမူးမူးနေလို့" စိန်ထွန်းက ပြန်ဖြေသည်။ တင်ထွန်းက ကော်ဖီတစ်ခွက် ထည့်ပေးပြီး ပြန်ထိုင်နေလိုက်သည်။

"ဟုတ်လား၊ ဖေဖေ ဆရာဝန်ခေါ်ထားတယ်၊ တော်တော်ကြာ တော့ လာလိမ့်မယ်။ မတင်ချိုရယ်၊ မင်း သားလေးအတွက်ပါ ဒီနေ့ တစ်ရက်အတွက် ခွင့်စာရေးပေးလိုက်ပါလား။ ဒေါက်တာအေးလွင် လာ လိမ့်မယ်၊ ကိုယ် ညက ဝင်တွေ့တော့ သူကိုယ်တိုင် လာခဲ့ပါမယ် ပြော

mgyoe.com

mgyoe.com


လိုက်တယ်"

ဒေါ်တင်တင်ချို ဝင်လာသည်ကိုမြင်လျှင် တင်ထွန်းက...

"မေမေ၊ ဒီလိုဆိုရင် ကျွန်တော်တစ်ယောက်တည်း ကျောင်းသွားရမှာပေါ့နော်"

"အေး... သားတစ်ယောက်တည်း သွားရမယ်၊ ကိုကျော်စိန်ကို လိုက်ပို့ခိုင်းမယ်။ ညနေကျတော့လည်း အကြိုလွှတ်လိုက်မယ် စောင့်နေကြားလား။ ရော့... ဟောဒီစာနှစ်စောင်ကို တစ်စောင် ကျောင်းအုပ်ဆရာကြီးကိုပေး၊ တစ်စောင်ကို စိန်ထွန်းတို့ အတန်းဆရာကို ပေးနော်"

"ဟုတ်ကဲ့"

ခဏကြာလျှင် ကားဖုန်သုတ်ပြီးသော ကိုကျော်စိန် ဝင်လာသည်။ သူ့ဆရာဆေးတွင် ဝင်ထိုင်လိုက်ပြီး တင်ထွန်း၏ပါးကို တစ်ချက် မနာအောင် ဆွဲလိမ်လိုက်၏။ ကျော်စိန်သည် ထမင်းအိုးတည်နေသော အိမ်ဖော်မလေး အနှင်းဘက် လှည့်ပြီး...

"အနှင်းရယ်၊ ကိုကို့အတွက် လက်ဖက်ရည်တစ်ခွက်" ဟု ပြောလိုက်သည်။

"ရှင့်ဘာသာ ထည့်သောက်ပါလား၊ လက်မရှိဘူးလား"

အနှင်းက နှုတ်ခမ်းလေးစူပြီး ပြန်ပြောလိုက်သောကြောင့် အားလုံး ဝါးခနဲ ပွဲကျသွားသည်။

ကိုကျော်စိန်သည် ဧည့်သည်မရှိလျှင် ယခုလိုပင် အိမ်သားများနှင့် ရောနှောပြီး နေထိုင်တတ်သည်။ သူစိမ်းတစ်ရံ ဧည့်သည်များရှေ့တွင်တော့ ချောင်တွင် ကုပ်နေတတ်လေသည်။ အလွန် အလိုက်သိတတ်သူ တစ်ယောက်ပင် ဖြစ်၏။

အနှင်းသည် အသက် ၁၆ နှစ်ခန့် အပျိုပေါက်လေးဖြစ်၏။ ကိုကျော်စိန်က နောက်ပြောင်သောအခါများ၌ စိတ်ဆိုးသလို ပြန်ပြောတတ်

mgyoe.com

mgyoe.com


သော်လည်း အမှန်မှာ ကိုကျော်စိန်ကို ဘာဂလိုတိုတို မျက်နှာမျိုးနှင့် ခိုးခိုးကြည့်တတ်လေသည်။ ကိုကျော်စိန်ကမူ မနူးမနပ် အရူးမကလေးလို သဘောထားကာ ဂရုမစိုက်ချေ။ သဟာကို အနှင်းက မကျေနပ်၍ စိတ်ဆိုးလေသည်။

ကိုကျော်စိန်သည် တဟဲဟဲနှင့်ရယ်ပြီး ကော်ဖီကို ကိုယ်တိုင် ထည့်သောက်နေ၏။ ဒေါ်တင်တင်ချိုက "ကဲပါ၊ မြန်မြန်သောက်ပြီး တင်ထွန်းကို ကျောင်းသွားပို့လိုက်ပါဦး။ မကြီးမငယ်နဲ့ ကလေးတွေချည်း လိုက်လိုက်စနေတာပဲ" ပြောလိုက်တော့မှ ကော်ဖီကို ကတိုက်ကရိုက် သောက်လိုက်ပြီး...

"ဆရာကော... တစ်ခါတည်းလိုက်မှာလား" ဟု မေးလိုက်၏။

"ငါ မလိုက်သေးဘူး၊ မင်း တိုက်ထဲ ဝင်ပြောလိုက်ပေါ့။ ညနေကျမှ လာခဲ့မယ်လို့" ကိုထွန်းဦးက ပြောလိုက်သည်။

"ဒါဖြင့် တင်ထွန်း သွားကြမယ်၊ မင်းတို့ဆရာမကိုလည်း ငါ ကြည့်ချင်သေးတယ်"

"ကျွန်တော်တို့ဆရာမကို ခင်ဗျားကြီး အရက်သမားကြီးလို့ ပြောထားတယ်"

တင်ထွန်းက ပြန်ပြောလျှင် ကျော်စိန်သည် မျက်လုံးပြူးသွားပြီး...

"ဟယ်... မင်း တကယ်ပြောတာလား၊ ဒီလိုဆို မင်းကို ငါ ကားမောင်းမသင်ပေးတော့ဘူး"

"အလကားပြောတာပါ၊ ဆေးလိပ်တောင် မသောက်တတ်ဘူးလို့ ပြောထားပါတယ်။ ကျွန်တော်တို့ဆရာမက ခင်ဗျားကို သဘောကျနေတာ သိလား" တင်ထွန်းက ကားမောင်းသင်မပေးမည်စိုး၍ ပြန်ပြောလိုက်လျှင် အားလုံး ပွဲကျသွားပြန်ပြီး နှစ်ယောက်သား ထွက်သွားကြလေ၏။

၁၀ နာရီထိုးရန် ၁၅ မိနစ်အလိုခန့်တွင် အိမ်အောက်၌ ကားဆိုက်

mgyoe.com

mgyoe.com


သံကြားပြီး အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်ထားသော အသားဖြူဖြူ၊ အသက် ၄၀ ခန့်အရွယ် ယောကျ်ားတစ်ယောက်သည် သားရေသေတ္တာလေးကိုဆွဲပြီး ဆင်းလာသည်။ ဒေါက်တာအေးလွင်ပင် ဖြစ်၏။ ကိုထွန်းဦးက လှေကားထိပ်မှ ဆီးကြိုပြီး...

"အလုပ် သိပ်များနေသလား၊ ဒီကသွားလည်း ပြီးတဲ့ကိစ္စကွာ" ဟု ပြောလိုက်သည်။

"ကိစ္စမရှိပါဘူး၊ ကိုယ်လည်း အခုတလော အနားယူရင်း တပည့်တွေနဲ့ လွှတ်ထားတာ။ ဆေးတိုက်ကိုလည်း အရေးကြီးမှသွားတယ်"

ဒေါက်တာအေးလွင်နှင့် ကိုထွန်းဦးသည် တက္ကသိုလ်တွင် အတူနေခဲ့ကြသည်။ ဧည့်ခန်းတွင် ထိုင်မိကြလျှင် ကိုထွန်းဦးက ဇနီးသည်ကို လှမ်းခေါ်လိုက်၏။ ဒေါ်တင်တင်ချို ရောက်လာလျှင် ကိုထွန်းဦးဘေးတွင် ဝင်ထိုင်လိုက်ပြီး...

"ဒေါက်တာ့ကို အားနာစရာကောင်းလိုက်တာ၊ ကျွန်မတို့လာလည်း ဖြစ်တဲ့ကိစ္စကို"

"ကိစ္စမရှိပါဘူး၊ ကျွန်တော်လည်း မရောက်တာကြာလို့၊ ပြီးတော့ ဒီက ကိုထွန်းဦးမှာထားတဲ့ ဆေးတွေလည်း လာပို့ရင်း လာခဲ့တာပါ" ဒေါက်တာအေးလွင်သည် ယခင်ကလည်း မကြာခဏ ရောက်ဖူးနေ၍ တစ်အိမ်သားလုံးနှင့် သိကျွမ်းခင်မင်ပြီး ဖြစ်သည်။ ကိုထွန်းဦးက...

"မင်း ဆေးတွေပါလာတယ် ဟုတ်လား၊ ပင်နယ်စလင်ကော"

"ပါလာပါတယ်၊ နေစမ်းပါဦး၊ မင်း ဒါတွေ ဘာလုပ်ဖို့လဲ။ ဆေးတိုက်များ ဖွင့်ဦးမလို့လား"

"ဟိုလေ... ကိုယ့်သူငယ်ချင်းတစ်ယောက်က ကချင်တောင်ပေါ်မှာ တာဝန်ကျနေတယ်။ ဟိုမှာ ဆေးသိပ်ရှားလို့ ရှာပို့ပေးစမ်းပါလို့ မှာထားလို့ပါ" ဟု အဆင်ပြေအောင် ရှင်းပြလိုက်လေ၏။ တစ်အောင့်

mgyoe.com

mgyoe.com


လောက် ထိုင်စကားပြောပြီးနောက် ဒေါက်တာအေးလွင်က...

"ကဲ... ဆရာမ၊ ဘယ်လိုဖြစ်တာလဲ ပြောစမ်းပါဦး" ဟု မေးလိုက်သည်။

"ကျွန်မ နေရင်းထိုင်ရင်း ခေါင်းမူးမူးလာတတ်တာပါပဲ ဒေါက်တာ၊ ပြီးတော့ ကလေးတွေကို စာပြရင်းလည်း မောမောလာပြီး မျက်စိတွေ ရီဝေလာတတ်တယ်။ အခုလို ငြိမ်ငြိမ်လေးနေတဲ့ အခါကျတော့လည်း ဘာမှမဖြစ်ပါဘူး၊ ပြီးတော့ ကျွန်မသား အကြီးကောင်လေးကလည်း အဲဒီအတိုင်းပဲ ဖြစ်နေပါတယ်"

"သွေးလေတော့ မှန်တယ်နော်"

"ဟုတ်ကဲ့"

ဒေါက်တာအေးလွင်သည် သားရေသေတ္တာကို ဖွင့်ပြီး နားကြပ်ကို ထုတ်လိုက်သည်။ ပြီးလျှင် အိမ်ရှေ့ခန်းတွင် ဧည့်သည်များအတွက် ထားရှိသော ခုတင်ပေါ်တွင် ဒေါ်တင်တင်ချို့ကို အိပ်ခိုင်းပြီး အမျိုးမျိုး စမ်းသပ်ကြည့်လေ၏။ ပြီးလျှင်...

"ဆရာမ နှလုံးရောဂါရှိနေတယ်၊ အစားအသောက်၊ အနေအထိုင် ဆင်ခြင်မှဖြစ်မယ်။ စိတ်လှုပ်ရှားမှုလည်း သိပ်မဖြစ်စေနဲ့။ ပင်ပင်ပန်းပန်း မလုပ်ဘဲ နေနိုင်ရင် အကောင်းဆုံးပဲ။ လိုအပ်တဲ့ဆေးကိုတော့ ကျွန်တော် ပြန်သွားပြီးမှ ကျွန်တော့်တပည့်ကို ပို့ခိုင်းလိုက်ပါ့မယ်။ ဆေးလည်း ထိုးခိုင်းလိုက်ပါမယ်။ အခုတော့ ကျွန်တော့်မှာ အဲသည်ဆေးတွေ ပါမလာသေးဘူး"

"ဟုတ်ကဲ့... ဒေါက်တာ၊ ကျွန်မလည်း ထင်တော့ ထင်လိုက်သား။ ကျွန်မကိုယ်တိုင် ဂရုမစိုက်တာ မှားတာပဲလေ။ စောစောကသိရရင် ကောင်းမှာ"

"ဂရုမစိုက်လို့တော့ မရဘူး၊ အခြေအနေ ပိုဆိုးသွားနိုင်တယ်။

mgyoe.com

mgyoe.com


ကဲ… ဆရာမ သားလေးကို ခေါ်လိုက်ပါဦး"

စိန်ထွန်းသည် အိမ်နောက်ဖေးတွင် ဝတ္ထုထိုင်ဖတ်နေရာမှ မိမိအား ခေါ်သံကြား၍ အိမ်ရှေ့ခန်းသို့ ထွက်လာသည်။

"ကဲ… သား၊ အင်္ကျီချွတ်လိုက်ပြီး ခုတင်ပေါ် အိပ်လိုက်ပါဦး"

ဒေါက်တာအေးလွင်သည် စိန်ထွန်း၏ ရင်ဘတ်ပေါ်တွင် နားကြပ်ကိုထောက်၍ စမ်းသပ်ရင်း…

"ငါ့တူလေးက မိန်းမချော ချောတာပဲ၊ ကြီးလာရင်တော့ မိန်းမတွေ ဝိုင်းဝိုင်းလည်နေမှာပဲ ဟုတ်လား" ဟု ပြောလိုက်သည်။ စိန်ထွန်းလေးက ဘာမှပြန်မပြောချေ။ ကိုထွန်းဦးက… "ဒီကောင်လေးက စိတ်လည်း သိပ်ပျော့တာပဲ၊ မိန်းမလေးဖြစ်မယ့်ဥစ္စာ မှားသွားတာနဲ့တူပါတယ်" ဟု လှမ်းပြောလိုက်သည်။

ဒေါက်တာအေးလွင်သည် ကျကျနန စမ်းသပ်ကြည့်ရှုပြီး…

"ဟင်… ဆရာမသားလေးကလည်း နှလုံးရောဂါပဲ၊ သားအမိ နှစ်ယောက်စလုံး ဖြစ်နေပါလား" ဟု လှမ်းပြောလိုက်တော့သည်။

ဒေါ်တင်တင်ချိုသည် ထိုစကားကိုကြားလျှင် မိမိကိစ္စထက် သား စိန်ထွန်းအတွက် ပို၍ စိုးရိမ်သွားရှာလေ၏။

"ဟုတ်လား… ဒေါက်တာ၊ ကျွန်မဖြင့် မနေ့က သူ့ညီပြောပြမှပဲ သိရတယ်။ သူက ခေါင်းမူးမူးပြီး မောမောနေတယ်လို့ ပြောဖူးတယ်။ အခြေအနေက ဘယ်လိုလဲ"

"ဆရာမလိုပဲ အနေအထိုင်၊ အစားအသောက် သိပ်ဂရုစိုက်ရလိမ့်မယ်။ လိုအပ်ရင် ကျောင်းက ထုတ်ထားရလိမ့်မယ်။ ဒါပေမဲ့ လောလော ဆယ်တော့ ကျွန်တော် ကြိုးစားပြီး ကုကြည့်ဦးမယ်လေ။ မရရင်တော့ ကျွန်တော့်ဆရာသမားဆီ စာရေး အကူအညီ တောင်းရမှာပဲ"

"ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မတို့သားအမိ ဂရုစိုက်ပြီး နေထိုင်

mgyoe.com

mgyoe.com


ပါ့မယ်”

စိန်ထွန်းသည် အင်္ကျီပြန်ကောက်ဝတ်ပြီး အိမ်နောက်ဖေးသို့ ပြန်ထွက်သွားလေ၏။

ဒေါက်တာအေးလွင်သည် မိမိ၏ ကိရိယာတန်ဆာပလာများကို သားရေသေတ္တာတွင်းသို့ ပြန်ထည့်လိုက်သည်။ ပြီးလျှင် ဆိုဖာပေါ် ပြန်ထိုင်ပြီး စီးကရက်တစ်လိပ်ကို မီးညှိသောက်လိုက်၏။

ဒေါ်တင်တင်ချိုလည်း ကိုထွန်းဦး၏ဘေးတွင် ပြန်ထိုင်နေလိုက်သည်။ ဒေါက်တာအေးလွင်က ကိုထွန်းဦးကိုကြည့်ပြီး...

“ခင်ဗျား မစွက်နဲ့ သားလေးကိုတော့ ဂရုစိုက်ပေးမှဖြစ်မယ်။ အခုနေ ဂရုမစိုက်လိုက်ရင် အခြေအနေ ပိုဆိုးသွားနိုင်ပါတယ်” ဟု ပြောလိုက်၏။

“ကျုပ်တော့ အမြဲ ဂရုစိုက်နေတာပဲ” ကိုထွန်းဦးက ပြန်ပြောပြီး ဇနီးသည်ကို မျက်မှန်ပေါ်မှကျော်၍ ကြည့်လိုက်သည်။

“တော်စမ်းပါ... သူ” ဒေါ်တင်တင်ချိုသည် တစ်စုံတစ်ခု ပြောလိုက်မည်ပြုပြီးမှ မပြောဘဲ ရပ်ထားလိုက်၏။ ဒေါက်တာအေးလွင်က ဆက်ပြီး

“လင်မယားနှစ်ယောက်လည်း ခဏခဏ မပေါင်းသင်းဘဲနေရင် ကောင်းမယ်။ ဘယ့်နှယ်လဲ အာစရိ၊ နေနိုင်တယ်မဟုတ်လား။ မနေနိုင်ရင်လည်း” စကားဆုံးအောင်မပြောဘဲ ရပ်ထားလိုက်ပြန်သည်။

“နေနိုင်ပါတယ်ကွာ၊ မင်းတို့လိုကောင်စား မှတ်နေသလား” ကိုထွန်းဦးက ပြန်ပြောလျှင် ဒေါ်တင်တင်ချိုသည် မျက်နှာတစ်ချက် နီမြန်းသွားပြီး ခေါင်းငုံ့ထားလေ၏။

“ဟောဗျာ၊ ဘယ်နှယ်... မင်းတို့လိုကောင်စား မှတ်ရမှာလဲ၊ ဟုတ်လား၊ ခင်ဗျားကြီးက ကျောင်းတုန်းကတော့ တစ်သက်လုံးပဲ လူပျိုကြီး လုပ်တော့မလိုလိုနဲ့ ပြောနေပြီး စွံမယ့်စွံတော့ သူ့အရင် စွံသွားတာပဲ

mgyoe.com

mgyoe.com


မဟုတ်လား"

"ဒါကတော့ကွာ မိဘပေးစားလို့ရတယ်ဆိုတာ မင်းအသိသားနဲ့"

ထိုနောက် သုံးယောက်သားသည် ငယ်စဉ်ကအကြောင်းများ၊ အာလာပသလ္လာပ ထိုင်ပြောနေကြပြီး ဒေါက်တာအေးလွင်လည်း နေ့လယ် စားသောက်ပြီး ပြန်သွားလေတော့၏။

ဒေါက်တာအေးလွင်ပြန်သွားပြီး မကြာခင် ကျော်စိန် ပြန်ရောက်လာသည်။ ဧည့်ခန်းတွင် တစ်ယောက်တည်းထိုင်နေသော ကိုထွန်းဦးကို မြင်လျှင် အနားကပ်သွားပြီး...

"ဆရာ... ကိုတင်အေးက မှာလိုက်တယ်၊ ညက အစီအစဉ်ကို ခဏ ရပ်ဆိုင်းထားပါဦးတဲ့။ ရာသီဥတုက မကောင်းလှသေးဘူးတဲ့၊ သူနဲ့လည်း မတွေ့ပါနဲ့တော့တဲ့၊ နောက်မှ သူက ပြန်ဆက်သွယ်ပါမယ်လို့ ပြောလိုက်တယ်။ ကျွန်တော်နဲ့ လက်ဖက်ရည်ဆိုင်မှာ တွေ့ခဲ့တယ်"

ကိုထွန်းဦးသည် ခေတ္တမျှ ငိုင်၍ စဉ်းစားနေလိုက်ပြီး...

"အေး... ငါ ညကတည်းက ပြောသားပဲ၊ သူကပဲ ဖြစ်အောင်လုပ်မယ်ပြောနေတာ။ ကောင်းပြီလေ၊ မင်း ထမင်းသွားစားချေ၊ တိုက်ကို သွားရအောင်" ဟု ပြန်ပြောလိုက်၏။

❒

mgyoe.com

mgyoe.com

# ( ၄ )

အချိန်ကာလများသည် တရွေ့ရွေ့နှင့် ကုန်ဆုံး၍ လာခဲ့သည်မှာ ၁၉၅၃ ခုနှစ်ဦးသို့ပင် တိုင်ခဲ့လေသည်။ တောတွင်း တော်လှန်ရေးသမားတို့၏ အခြေအနေသည်လည်း အစပိုင်းတွင် ဟုတ်တုတ်တုတ် ရှိနေခဲ့သော်လည်း ယခုအချိန်တွင်တော့ အခြေအနေတစ်မျိုး ပြောင်းလဲ၍သွားပြီဖြစ်လေသည်။ အထူးသဖြင့် နာမည်ကြီး "မ" သုံးလုံးနယ်မြေခေါ် မိတ္ထီလာ၊ မြင်းခြံ၊ မကွေးခရိုင်များ ကျဆုံးသွားသည့် နောက်ပိုင်းတွင် သောင်းကျန်းသူများ၏ အင်အားသည် များစွာ ဆုတ်ယုတ်သွားလေတော့၏။ ရန်ကုန်အစိုးရဟူ၍ အမည်ပေးခြင်းခံရသော ဖဆပလ အစိုးရသည်လည်း တဖြည်းဖြည်း အင်အားပြန်လည် တောင့်တင်းလာကာ ရောင်စုံသူပုန်များကို အလျှော့မပေးဘဲ ဖြိုခွင်းလာခဲ့သည်မှာ နောက်တိုး သောင်းကျန်းသူတို့သည် အရေးကြီးသော မြို့များအားလုံးကို ပြန်လည် လက်လွှတ်ရသည်အထိ ဖြစ်လာသည်။

ကိုထွန်းဦးသည် တောတွင်းမှ လျှို့ဝှက်စွာ ပေးပို့လိုက်သော တောတွင်းအခြေအနေ အစီရင်ခံစာ အကျဉ်းချုပ်ကို ဖတ်ရှုလေ့လာပြီး စိတ်မသက်မသာနှင့် ငေးမှိုင်၍ နေလေ၏။ ပက်လက်ကုလားထိုင်တွင် မှိန်း၍

mgyoe.com

mgyoe.com


စဉ်းစားနေသည်မှာ ဆေးပြင်းလိပ်တိုကို တစ်ချက်တစ်ချက် ဖွာရှိုက်နေ၍သာ အိပ်ပျော်နေခြင်းမဟုတ်ကြောင်း သိနိုင်လေသည်။

ဒေါ်တင်တင်ချိုသည် ပြန်လည်၍ ကျန်းမာလာပြီဖြစ်သည်။ ကျောင်းမှာပင် ဆက်လက်လုပ်ကိုင်နေသည့်အပြင် ယခင် မိဘများ၏ လူယုံတော်မန်နေဂျာ ဦးဘိုးစိန်နှင့် တိုင်ပင်၍ ပွဲရုံတစ်ခုကိုလည်း ဖွင့်လှစ်ထားပြီး တစ်ဖက်တစ်လမ်းက အုပ်ချုပ်လုပ်ကိုင်နေရာ အတော်ပင် အောင်အောင်မြင်မြင်ရှိလာသည်။ ခေတ်ပညာတတ် အမျိုးသမီးတစ်ဦး ဖြစ်နေ၍လည်း မိမိသားနှစ်ယောက်ကိုတော့ ကောင်းမွန်စွာ ပြုစုစောင့်ရှောက်ထားနိုင်လိမ့်မည်ဟု ကိုထွန်းဦးသည် စဉ်းစားနေမိလေသည်။

သားနှစ်ယောက်မှာလည်း တစ်ယောက်က ၁၇ နှစ်၊ တစ်ယောက်က ၁၉ နှစ်ပင် ရောက်နေပြီးဖြစ်သည့်အပြင် ယောကျ်ားလေးများဖြစ်၍ စိုးရိမ်ပူပန်နေစရာမလိုဟု ထင်မိလေ၏။ ကိုထွန်းဦးသည် သားကြီး စိန်ထွန်းအတွက်သာ ရင်လေး၍ နေမိလေသည်။ စိန်ထွန်းသည် ကျန်းမာရေးချို့တဲ့၍နေရှာသည်။ သားအမိနှစ်ယောက်စလုံး တစ်ပြိုင်တည်း အတူဆေးကုကြခြင်းဖြစ်သော်လည်း စိန်ထွန်းတစ်ယောက်မှာ အနည်းငယ်သက်သာလာသည်ဆိုရုံမှအပ ထူးခြားခြင်း မရှိခဲ့ပါပေ။ ရောဂါတစ်ခုရှိလျှင် နောက်တစ်ခုသည် အလွယ်တကူပင် ရောက်ရှိလာတတ်သည့်အတိုင်း ယခု စိန်ထွန်းတွင်လည်း နှလုံးရောဂါအပြင် အဆုတ်ရောဂါဖြစ်မည့် အရိပ်အယောင်ကို တွေ့နေရပြန်လေသည်။ ၎င်း၏ စိတ်အားပျော့ငယ်နေခြင်းသည် ရောဂါကို အခြေခံ၍လည်း ဖြစ်နိုင်သည်ဟု ယူဆစရာရှိလေသည်။ ယခုနှစ် မက်ထရစ်စာမေးပွဲ ဖြေဆိုရမည်ဖြစ်၍ နေ့ရောညပါဖိ၍ စာကျက်နေရာ ရုပ်ပင် အတော်ကျသွားခဲ့လေသည်။ စာကျက်လျှော့ရန်ကိုပင် မနည်း ပြောယူရသည်။ သို့သော် ဒေါ်တင်တင်ချိုကလည်း အမြဲမပြတ် ဂရုစိုက်ပြုစုနေသည်ဖြစ်၍ မိမိထင်သလောက် စိုးရိမ်စရာ

mgyoe.com

mgyoe.com


လိုမည်မထင်ဟုပင် စဉ်းစားမိလိုက်ပြန်သည်။

အငယ်ကောင် တင်ထွန်း၊ တင်ထွန်းလည်း ၁၇ နှစ်သို့ ရောက်ပြီး ယခုနှစ် ရှစ်တန်းတွင် ဖြစ်နေသည်။ သူကတော့ မှန်မှန်ပင် စာကြိုးစားနေသည်။ ဘာကိုမှ အလွန်အကျွံ တွေးပူတတ်ပုံ မပေါ်ချေ။ မိမိ စိတ်ဓာတ်မျိုးကိုပင် သင်ကြားပေးထား၍ ယောကျ်ားပီသသော စိတ်ထားမျိုးကိုသာ တွေ့ရတတ်သည်။

ကိုထွန်းဦးသည် တစ်ယောက်တည်း စဉ်းစားခန်း ဝင်နေရာမှ ထလိုက်ပြီး အိမ်ရှေ့ဝရန်တာသို့ တက်လာခဲ့လေ၏။ ခြံတွင်းရှိ ပန်းပင်များမှာ စာမေးပွဲနီးကပ်လာသော ညီအစ်ကိုနှစ်ယောက်က ပစ်ထားသည့် အပြင် ပူပြင်းသော နွေရာသီကို မခံနိုင်၍ အပင်တိုင်းလိုလိုပင် ညှိုးနွမ်းခြောက်သွေ့နေသည်ကို တွေ့ရ၏။ နှင်းဆီချုံသို့ ကြည့်လိုက်ပြန်တော့လည်း အပင်တစ်ခုတွင် အပွင့်လေးခုရှိနေရာ တစ်ပွင့်သာလျှင် နီရဲ၍ အောင်မြင်နေသည်ကို တွေ့ရပြီး ကျန်သုံးပွင့်တို့မှာ ညှိုးနွမ်းနေ၍ မကြာမီပင် ကြွေကျပျက်စီးတော့မည်ကို တွေ့ရလေသည်။

ကိုထွန်းဦးသည် အိမ်ရှေ့ဝရန်တာတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေရာ အရှေ့တောင်လေသည် တစ်ချက် ဝှေ့ယမ်းသွားလိုက်မှပင် တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် အိမ်အောက်သို့ ငုံ့ကြည့်ပြီး...

"ကျော်စိန်ရေ... ခဏဟေ့" ဟု လှမ်းအော်လိုက်လေ၏။

"ဗျာ... ဟုတ်ကဲ့ လာပါပြီခင်ဗျာ"

ကားပေါ်တွင် ထိုင်၍ စာဖတ်နေသော ကျော်စိန်သည် ကပျာကယာထလိုက်ပြီး လုံချည်ကို ပြင်ဝတ်၍ အိမ်ပေါ်တက်လာလေ၏။

"ဆရာ အပြင်သွားမလို့လား" ကျော်စိန်သည် ကိုထွန်းဦး၏ မျက်နှာကို အကဲခတ်သလိုကြည့်ပြီး ပြောလိုက်သည်။

mgyoe.com

mgyoe.com



"မင်း ကျောင်းသွားကြို့ရမယ်မဟုတ်လား"

"ဟုတ်ကဲ့ဆရာ၊ ဒါပေမဲ့ အခုမှ ၃ နာရီရှိသေးတာပဲ"

"အေး... မင်း တိုက်ကို သွားစမ်း၊ ငါ့ရုံးခန်းမှာ စာအုပ်ဖိုင်တွဲ တစ်ခုနဲ့ စာအုပ်ထည့်ထားတဲ့ ထင်းရှူးသေတ္တာကလေးတစ်ခု တွေ့လိမ့်မယ်။ အဲဒါသွားယူချေ၊ ပြီးတော့ ရမ်တစ်လုံးနဲ့ စားစရာဝယ်ပြီး မင်း ဆရာကတော်နဲ့ ကလေးတွေကို ဝင်ကြို့ခဲ့ပေါ့ ဟုတ်လား"

"ဟုတ်ကဲ့... ဆရာ၊ စားစရာ ဘာဝယ်ခဲ့ရမလဲ"

"မင်း ကြည့်ပြီးသာ ဝယ်ခဲ့ကွာ၊ ရော့... ပိုက်ဆံ"

ကိုထွန်းဦးက ဆယ်တန်သုံးရွက် ထုတ်ပေးသောအခါ ကျော်စိန်က...

"နေပါစေဆရာ၊ ကျွန်တော့်မှာရှိသေးတယ်။ လောက်ပါတယ်" ပြန်ပြောပြီး ငွေမယူဘဲ လှည့်ထွက်သွားလေ၏။

ကျော်စိန် ထွက်သွားသောအခါ ကိုထွန်းဦးသည် စားပွဲပေါ်တွင် ထိုင်စာရေးနေလေသည်။ မည်မျှကြာသွားမှန်း မသိလိုက်ခင် အိမ်အောက်မှ ကားဝင်လာသံကြား၍ ရေးပြီးသားစာများကို အသီးသီး စာအိတ်များတွင် ထည့်လိုက်ပြီး တစ်စောင်ကိုမူ သေချာစွာခေါက်၍ အင်္ကျီအိတ်ထဲသို့ ထည့်ထားလိုက်လေ၏။ ခဏကြာလျှင် သားနှစ်ယောက် ဝင်လာပြီး တင်ထွန်းက...

"ဖေဖေ၊ ကျွန်တော်တို့ ကျောင်းပိတ်ထားလိုက်ပြီ၊ နောက်အပတ် စာမေးပွဲစစ်တော့မယ်။ အစ်ကိုစိန်ထွန်းတို့ မက်ထရစ်စာမေးပွဲနဲ့ တစ်နေ့တည်းစစ်မှာ..."

"ဟုတ်လားသား၊ အေး... အေး... မင်းတို့မေမေကော..."

"မေမေ... လာပါပြီ၊ နောက်ဖေးသွားနေတယ်ထင်တယ်" စိန်ထွန်းက ပြန်ဖြေလိုက်သည်။

mgyoe.com

mgyoe.com


ကိုထွန်းဦးသည် စိန်ထွန်း၏ ပခုံးကိုကိုင်၍...

"စိန်ထွန်းရယ်၊ မင်းတစ်ယောက်တော့ ဒီနှစ်စာမေးပွဲ အောင်မှ အောင်ပါ့မလားကွယ်" ဟု မေးလိုက်၏။ စိန်ထွန်း၏ မျက်နှာသည် ညှိုးငယ်နေသည်။ မိမိကျန်းမာရေးကြောင့်သာ မဟုတ်ပါလျှင် တစ်တန်းလုံးတွင် ပထမရထားသူဖြစ်၍ နှစ်ချင်းပေါက် အောင်မြင်နိုင်သည်ဟု စဉ်းစားမိ၍ ဖြစ်၏။ "အင်္ဂလိပ်စာတစ်ခုပဲ ကြောက်တယ်ဖေဖေ၊ ကျန်တာတော့ အကုန်ရပါတယ်"

"အေးကွယ်၊ စာမေးပွဲဆိုတာက ဖြေတိုင်းအောင်ရမယ်လို့ မဆိုလိုပါဘူး။ ငါ့သားက နေထိုင်ကောင်းတာမှမဟုတ်ဘဲ၊ တကယ်လို့များ ခြေချော်လက်ချော် ဖြစ်သွားခဲ့ရင်လည်း နောက်တစ်နှစ်ပေါ့။ စိတ်ပျက်မနေနဲ့ ဟုတ်လား"

"ဟုတ်ကဲ့... ဖေဖေ"

မကြာမီ ဇနီးသည်ဝင်လာသည်။ ဒေါ်တင်တင်ချိုသည် စာအုပ်များထည့်ထားသော ကချင်လွယ်အိတ်ကို လင်ယောကျ်ားထိုင်နေသော စားပွဲတွင် တင်လိုက်ပြီး...

"ခေါက်ဆွဲထုပ်တွေက ဘာလုပ်ဖို့လဲ၊ ဧည့်သည်ရောက်လို့လား" ဟု မေးလိုက်သည်။

"သြော်... ကျော်စိန်က ခေါက်ဆွဲဝယ်လာလို့လား၊ မဟုတ်ပါဘူး၊ တို့စားဖို့ပါပဲ"

"များလှချေလား၊ ကောင်မလေး ထမင်းမချက်ဖူးလား"

"ချက်မှာပေါ့၊ တစ်ခါတလေ အပြင်ကအစာ စားချင်လို့ပါ"

"တော်ရုံဝယ်ခိုင်းရင် ပြီးရောပေါ့၊ အိမ်ကထမင်းတွေ အလကားဖြစ်ကုန်တော့မှာပဲ"

ကိုထွန်းဦးသည် တစ်စုံတစ်ရာ ပြန်မပြောဘဲ ဒေါ်တင်တင်ချိုကို

mgyoe.com

mgyoe.com


သာ စိုက်ကြည့်နေ၏။

"ရှင် တစ်နေ့ကပြောတဲ့ ငွေငါးရာရပြီ၊ မနက်တုန်းက ဦးဘိုးစိန်နဲ့ တွေ့တယ်။ ရှမ်းပြည်နယ်ကကျလာတဲ့ အာလူးဟာ ပွဲရုံတောင် မရောက်ဘူး သိလား၊ ဒီမှာ ပြတ်နေတာကြာပြီ။ ကျွန်မတို့ ပွဲရုံတစ်ခုတည်းက မှာထားလို့ တက်ဈေးနဲ့ လာကြဲသွားတယ်။ ဦးဘိုးစိန်ကြီးဟာ တော်တော်အကွက်မြင်တဲ့ အဘိုးကြီးပဲ"

ကိုထွန်းဦးသည် ဆေးပြင်းလိပ်ကို တစ်ချက်ဖွာလိုက်ပြီး...

"ဟုတ်လား၊ အဘိုးကြီးဟာ လာဘ်တော့ တကယ်မြင်တာပဲ။ ဘယ်လောက်မြတ်လိုက်သလဲ"

"စာရင်းအတိအကျတော့ မရသေးပါဘူး၊ နောက်ထပ် ရောက်လာဦးမှာလည်း ရှိနေသေးတော့ ပြီးမှ အားလုံးချေမယ်တဲ့။ ဒီ့ပြင်လူလက်ထဲ ရောက်သွားမှာစိုးလို့ သိမ်းတဲ့လူက စရန်အဖြစ်နဲ့ ၂၀၀၀ ကျပ် ပေးသွားတယ်ပြောတယ်"

"ဩော်... ကောင်းပါတယ်လေ၊ သိပ်လည်း အမြတ်မယူနဲ့လို့ ပြောလိုက်ဦးပေါ့။ စားကုန်သောက်ကုန်ဆိုတော့ လူအများနဲ့ သက်ဆိုင်နေတာပဲ"

"အဘိုးကြီးက သိပါတယ်၊ သူ သုံးရက်လောက်သာ ဆိုင်းထားလိုက်မယ်ဆိုရင် တော်တော် အမြတ်ကြီးရမှာတဲ့။ ဒါပေမဲ့ မလုပ်ပါဘူး၊ လိုနေတဲ့အချိန်မှာ အားလုံး စားသုံးနိုင်အောင်ဆိုပြီး ထုတ်ရောင်းလိုက်တာ။ ရှင် ပိုက်ဆံ အခုယူမလား"

ကိုထွန်းဦးသည် မိမိရသမျှ မဖြစ်စလောက်သော လခကိုပင် တပည့်များ စားသုံး၍သာ ကုန်ခဲ့သည့်အဖြစ်ကို စဉ်းစားမိလေ၏။ မိမိကိုယ်တိုင် အသုံးလိုလျှင်မှု မကြာခဏဆိုသလို ဇနီးသည်ထံမှသာ ယူယူသုံးနေခဲ့မိသည်။ ဒေါ်တင်တင်ချိုသည် တစ်ခါတစ်ရံ အလိုမကျ ဖြစ်နေ

mgyoe.com

mgyoe.com


သည့်အခါများ၌ ဆူဆူပူပူ လုပ်တတ်သော်လည်း တကယ်တမ်းကျပြန်တော့ ကိုထွန်းဦးအပေါ် များစွာ စေတနာထားရှာသည်။ မိမိအပေါ် မယားဝတ်ငါးပါးနှင့်အညီ ပြုစုကူညီနေသူပါလားဟု စဉ်းစားမိပြီး ကိုထွန်းဦးသည် ဒေါ်တင်တင်ချိုအပေါ်တွင် များစွာ ကရုဏာသက်သွားမိလေ၏။

"မယူတော့ပါဘူး မတင်ချိုရယ်၊ ကိုယ့်မိတ်ဆွေတစ်ယောက် ရောက်လာလို့ အားလုံး အဆင်ပြေသွားပါပြီ။ ကိုယ့်မယားလေးက အတော် လိမ္မာသားပဲနော်"

သို့ ပြောပြီး ဒေါ်တင်တင်ချို၏ပခုံးကို လှမ်းကိုင်ထားလိုက်၏။ ဒေါ်တင်တင်ချိုက...

"တော်ပါ၊ သူ့မှာ စကားနဲ့ပဲ အနိုင်ယူယူနေတာပဲ" ပြောပြီး မျက်စောင်းလေး ထိုးလိုက်သည်။

စိန်ထွန်းနှင့် တင်ထွန်း ညီအစ်ကိုနှစ်ယောက်မှာ ရေချိုးခန်းတွင် ရေချိုးနေရင်းက တစ်စုံတစ်ခုကို ဆူညံစွာ ငြင်းခုံနေကြသည်။ ကိုကျော်စိန်မှာ မိမိဝယ်ယူလာသော စားစရာများကို မီးဖိုချောင်တွင် သွားပို့ရင်း အနှင်းကို စနေ၏။

ကိုထွန်းဦးသည် ဇနီးသည်ကို မိမိရင်ခွင်သို့ ဆွဲသွင်းလိုက်ပြီး...

"ကိုယ်လည်း အနိုင်မယူရပါလား မတင်ချိုရယ်" ဟုပြောပြီး ပါးကို တစ်ချက် နမ်းရှုပ်လိုက်သည်။ ဒေါ်တင်တင်ချိုသည် လင်မယားညားခါစ အချိန်များကို ပြန်လည်မြင်ယောင်နေမိလေ၏။

ကိုထွန်းဦး နောက်တစ်ကြိမ် နမ်းလိုက်ပြီး...

"ကဲ... ရေသွားချိုးချေတော့၊ ကိုယ်တို့တော့ "ဆာကေး" နည်းနည်း ချလိုက်ဦးမယ်" ဟုပြောလျှင် ဒေါ်တင်တင်ချိုသည် မျက်စောင်းတစ်ချက် ထိုးလိုက်ပြန်သည်။

mgyoe.com

mgyoe.com


"ရှင်တို့နှစ်ယောက် မူးအောင်မသောက်နဲ့နော်၊ ရှင်မူးရင် အခန်းထဲ ပြန်မအိပ်ရဘူး"

"မမူးပါဘူးကွယ်၊ မူးရင်လည်း ကိုယ့်ဇနီး အလိမ္မာ ရှိနေသားပဲ၊ ဘာအရေးလဲ ဟုတ်ဘူးလား"

တစ်ချိန်က ကိုထွန်းဦးသည် အရက်အနည်းငယ်မူး၍ အိမ်ရှေ့ ပက်လက်ကုလားထိုင်တွင်ထိုင်ပြီး အိပ်ပျော်နေခဲ့ရာ ခြင်ကိုက်သော်လည်း သတိမရဘဲ ရှိနေခဲ့၏။ ဇနီးသည်က မကြည့်ရက်၍ အခန်းထဲ တွဲခေါ် လာခဲ့ဖူးသည်။ သို့ တွဲခေါ်လာသည်ကို မိမိ သတိရနေသော်လည်း သတိမရချင်ယောင်ဆောင်နေခဲ့ကြောင်းဖြင့် နောက်တစ်နေ့ ဇနီးသည်ကို ပြန်ပြောရာ ဒေါ်တင်တင်ချိုသည် ဒေါပွသွားပြီး နောက်ကို ဘယ်တော့မှ ပြန်မခေါ်တော့ကြောင်း ပြန်ပြောဖူးလေ၏။

"ဒီတစ်ခါတော့ မရဘူး၊ ခြင်မကလို့ ဘာကောင်ကြီးပဲကိုက်နေနေ ပစ်ထားလိုက်မှာပဲ ဟင်း..."

ဇနီးသည်က သို့ပြောပြီး အိပ်ခန်းသို့ ဝင်သွားရာ ကိုထွန်းဦး တစ်ယောက်တည်း ပြုံးကျန်ရစ်လေ၏။

ကိုကျော်စိန်သည် အရက်ပုလင်းနှင့် ဆော်ဒါနှစ်လုံးကိုင်၍ ဝင် လာသည်။

"ဆရာ ဘာများ သဘောကျနေသလဲ"

"မကျပါဘူးကွာ၊ ကဲ... မင်းလည်းလာကွာ"

"ဟုတ်ကဲ့... ကျွန်တော် ဖန်ခွက်သွားယူလိုက်ပါဦးမယ်"

ကိုကျော်စိန်သည် ပုလင်းများကို အိမ်ရှေ့စားပွဲဝိုင်းတွင် တင်ထားခဲ့ ပြီး ပြန်ထွက်သွားပြန်သည်။

ကိုကျော်စိန်က ရေခဲနှင့် ဖန်ခွက်များယူလာလျှင် အရက်ပုလင်းကို ဖွင့်လိုက်ပြီး ဖန်ခွက်နှစ်လုံးတွင် လက်နှစ်လုံးစီခန့် ထည့်လိုက်၏။

mgyoe.com

mgyoe.com


ကိုကျော်စိန်က ရေခဲတုံးကလေးများကို ဇွန်းဖြင့် ကော်၍ထည့်ပြီး ဆော်ဒါ ရောလိုက်ပြန်သည်။ ပြီးလျှင် ဆရာတပည့်နှစ်ယောက်သည် အမြှုပ်တစီစီ ထွက်နေသေးသော ဖန်ခွက်များကို ကောက်ကိုင်လိုက်ပြီး တစ်ယောက်နှင့် တစ်ယောက် ကြည့်နေလိုက်ကြ၏။ ကိုထွန်းဦးက အနည်းငယ် ပြုံးလိုက် ပြီး...

"ကဲ... ကျော်စိန်ရယ်... သောက်လိုက်ကွာ၊ ဒါဟာ တို့ရဲ့ အားဆေးတစ်ခုလို့ပဲ ယူဆရမှာပဲ" ဟု ပြောလိုက်လျှင် ကိုကျော်စိန်လည်း အနည်းငယ်ပြုံးလိုက်ပြီး...

"ဟုတ်တယ်ဆရာ၊ အရက်သောက်လိုက်တော့ ပိုပြီး ရွှင်လာတယ်လို့ ထင်ရတယ်နော်" ဟု ထောက်ခံလိုက်၏။ ထို့နောက် နှစ်ယောက်စလုံး တစ်ချက်စီ မော့လိုက်ကြသည်။

ဆရာတပည့်နှစ်ယောက်သည် သောက်လိုက်၊ စကားပြောလိုက်နှင့် အချိန်သည် ၇ နာရီ ထိုးသွားလေ၏။ မကြာမီ ရေချိုးပြီး သနပ်ခါးရေကျဲကျဲလိမ်းထားသော ဒေါ်တင်တင်ချို ထွက်လာပြီး...

"ကဲ... မပြီးကြသေးဘူးလား၊ ရေကော ချိုးကြဦးမလား" ဟု မေးလိုက်သည်။

"ပြီးပါပြီ၊ ရေချိုးဦးမှာပေါ့၊ ဆာနေပြီလား"

"ဆာတာပေါ့၊ ၇ နာရီထိုးနေမှပဲ"

ဒေါ်တင်တင်ချိုသည် သို့ပြောပြီး ဘုရားစင်အောက်က စားပွဲပေါ်ရှိ ဖီးလစ်ရေဒီယိုကို ဖွင့်လိုက်သည်။ တင်တင်မြ၏ ရွှေမိုးမှောင်မှောင် သီချင်းသည် တစ်ခန်းလုံးသို့ ပြုံဝင်လာသည်။

ဆရာတပည့်နှစ်ယောက်လည်း လက်ကျန်ကိုရှင်း၍ ရေမိုးချိုးပြီး အဆင်သင့် ပြင်ဆင်ထားပြီးသော ထမင်းစားပွဲသို့ အသီးသီး ဝင်ထိုင်လိုက်ကြသည်။

mgyoe.com

mgyoe.com


ထိုနေ့ ညစာထမင်းသည် ဟင်းမျိုးစုံလှ၏။ ဝက်သားဆီပြန်၊ ငါးရံ့ခေါင်းချဉ်ရည်ဟင်း၊ ကြက်သားရို့(စ်)နှင့် တို့စရာ ဆလတ်ရွက်တို့အပြင် ဘဲသားစွပ်ပြုတ်၊ အသားကင်နှင့် ခေါက်ဆွဲကြော်ကလည်း စားမကုန်အောင်ပင် ရှိနေပြန်လေ၏။ အပြင်က အစားအစာများကို မစားသောက်ရသည်မှာ အတန်ကြာပြီဖြစ်၍ တစ်အိမ်သားလုံး မြိန်ရေရှက်ရေစားသုံးကြလေသည်။ အိမ်ဖော်မလေး အနှင်းကမူ ဆားမှ ရပ်စောင့်နေပြီး လိုအပ်သည်များကို ထပ်၍ ဖြည့်ပေးနေ၏။

ကိုကျော်စိန်သည် အရင် စားသောက်ပြီးသွားကာ လက်ဆေးပြီး...

"ဆရာ၊ ကျွန်တော်သွားတော့မယ်" ပြောပြောဆိုဆို ထလိုက်သည်။

"အေး... တိုက်ကိုလည်း စာဝင်ပေးခဲ့ဦး ဟုတ်လား"

"ဟုတ်ကဲ့... ဆရာ"

ဒေါ်တင်တင်ချိုသည် ပလုတ်ပလောင်း စားနေရာမှ...

"ဘယ်သွားဦးမှာလဲ" ဟု မေးလိုက်သည်။

"မိတ်ဆွေတစ်ယောက်ကို စာသွားပေးခိုင်းလိုက်တာပါ" ကိုထွန်းဦးက ပြန်ဖြေပြီး မိမိပန်းကန်တွင် ပါလာသော ကြက်သည်းကို အသည်းကြိုက်တတ်သော စိန်ထွန်း၏ပန်းကန်သို့ ပြန်ထည့်ပေးလိုက်၏။

အားလုံး စားသောက်ပြီးကြလျှင် ဒေါ်တင်တင်ချိုက ပန်းကန်များကို သိမ်းဆည်းနေသည်။ အနှင်းက "ကျွန်မ သိမ်းလိုက်ပါမယ်မမ" ဟု ဝင်ပြော၏။

"ညည်း ပန်းကန်ဆေးတဲ့အခါ ရေနွေးနဲ့ဆေးလို့ပြောထားတာ ရေနွေးမသုံးဘူးထင်တယ် ဟုတ်လား"

"ကျွန်မသုံးပါတယ်၊ တစ်ခါတလေ အေးသွားလို့ပါ"

"အေးသွားရင်လည်း အသစ်ပြန်တည်မှပေါ့၊ ညီစော်နံရင် ငါ

mgyoe.com

mgyoe.com


မစားတတ်ဘူး"

"ဟုတ်ကဲ့... မမ" ပြောပြီး အနှင်းသည် စားပွဲခင်းကို ရုပ်သိမ်းလိုက်သည်။

ဒေါ်တင်တင်ချိုလည်း လက်ဆေးပြီး ထွက်သွားတော့၏။

ကိုထွန်းဦးသည် အိမ်ရှေ့ခန်းတွင် ဆေးပြင်းလိပ်ဖွာရှိုက်၍ ထိုင်နေသော စိန်ထွန်းနှင့် တင်ထွန်းတို့ စာအုပ်ကိုယ်စီဖြင့် ဝင်လာသည်ကို မြင်လျှင်...

"တင်ထွန်းရယ်၊ မင်းကကော စာတွေရရဲ့လား" ဟု မေးလိုက်သည်။

"ရပါတယ်ဖေဖေ၊ ကျွန်တော် မက်ထရစ်တောင် ဝင်ဖြေဦးမလို့၊ မေမေက ခွင့်မပြုလို့သာနေတာ"

"ကောင်းပါတယ်၊ အောက်သက်ကျေတာပေါ့။ သိပ်လောရင်လည်း မကောင်းဘူးပေါ့"

"ကျွန်တော်ကတော့ ဒီလိုမထင်ဘူးဖေဖေ၊ ကိုယ်ရနေရင်တော့ ဘာပဲဖြစ်ဖြစ် ဝင်ဖြေလိုက်ချင်တာပဲ။ အခုဆိုရင် ဒီနှစ်သင်ရတဲ့ စာအုပ်တွေဟာ နောက်တစ်နှစ် မက်ထရစ်အတွက် ပြင်ဆင်ထားတဲ့ စာအုပ်တွေချည်းပဲ။ စာအုပ်တစ်အုပ်တည်း နှစ်နှစ်သင်ရသလို ဖြစ်နေတာပေါ့"

"ဟုတ်တော့ ဟုတ်တာပေါ့လေ၊ ဒါပေမဲ့ နောက်တစ်နှစ်ဆိုရင် သေချာပေါက် အောင်မှာပဲမဟုတ်လား။ ဒါနဲ့ တင်ထွန်းကြီးလာရင် ဘာလုပ်မယ် စိတ်ကူးထားသလဲ၊ ဖေဖေ့ကို ပြောပြစမ်းပါဦး"

တင်ထွန်းသည် အနည်းငယ် စဉ်းစားနေလေ၏။ ပြီးမှ...

"ကျွန်တော်တော့ အတိအကျ မဆုံးဖြတ်ရသေးပါဘူး။ အင်ဂျင်နီယာလုပ်ဖို့တော့ စိတ်ကူးထားတယ်။ ဒါပေမဲ့ ကျွန်တော်က တစ်ကမ္ဘာလုံးနဲ့အောင် လျှောက်သွားချင်တဲ့စိတ်ကလည်း ရှိနေသေးတယ်။ လူအမျိုးမျိုး

mgyoe.com

mgyoe.com


နဲ့ တွေ့ဖူး၊ မြင်ဖူးချင်တာပဲ။ ကျွန်တော်တော့ ရရာအလုပ်ကိုလုပ်ပြီး ကမ္ဘာကို လှည့်ပတ်သွားချင်တဲ့စိတ်ရှိတယ်"

"ကြိုးစားရင် ဖြစ်မှာပေါ့ တင်ထွန်းရယ်၊ အရေးကြီးတာကတော့ ယောက်ျားတို့ဖွဲ့ သေကာမှ လျှော့ရမယ်ဆိုတာ မမေ့သင့်ဘူး၊ စိန်ထွန်းက ကော..."

စိန်ထွန်းသည် ဖတ်နေသောစာအုပ်ကို ပိတ်ထားလိုက်ပြီး...

"ကျွန်တော်ကတော့ စာရေးဆရာ လုပ်စားမယ်လို့ စိတ်ကူးထားတယ်ဖေဖေ၊ ကျွန်တော်က ကဗျာတို့၊ သီချင်းတို့မှာ သိပ်ဝါသနာပါတာ။ ကျွန်တော် ကလောင်သစ်အဖွဲ့တစ်ခုကိုလည်း ဝင်ထားတယ်။ အဲဒီ ကလောင်အဖွဲ့က စာရေးဆရာကြီးတွေက စာရေးချင်ရင် စာများများ ဖတ်ရမယ်လို့ပြောတယ်။ ကျွန်တော်ကလည်း စာဖတ်ဝါသနာ သိပ်ပါတာ။ စာဖတ်နေရင် ပျင်းလည်းမပျင်းဘူး၊ ဒါပေမဲ့ မျက်စိနာနာလာတာ ဆိုးတယ်" ဟု ညည်း၍ ပြောလိုက်သည်။

"စာရေးဆရာလည်း ကိုယ်ဝါသနာပါရင် ကောင်းတာပဲ။ ငါ့သား က တစ်ခုသတိပြုဖို့ကတော့ ဘယ်အလုပ်မျိုးမဆို လွယ်လွယ်နဲ့တော့ မအောင်နိုင်ဘူးဆိုတာ အမြဲ မှတ်ထားရမယ်။ အလုပ်တစ်ခု အောင်မြင် ခါနီးပြီဆိုရင်လည်း အနှောင့်အယှက်တစ်ခုခုဟာ အနည်းနဲ့အများတော့ ပေါ်ပေါက်လာတတ်တာချည်းပဲ။ အဲဒီအနှောင့်အယှက်တွေကို နောက် ဆုံး ကျော်လွန်သွားနိုင်တဲ့ အခါကျတော့မှသာ ရည်ရွယ်ချက်ပန်းတိုင်ရဲ့ အထွတ်အထိပ်ကို ရောက်လာတော့တာပဲ။ ဒါကြောင့် ယောကျ်ားဆိုတာ ပစ်တိုင်းထောင်နိုင်တဲ့ သတ္တိမျိုးရှိရတယ်။ မိမိရည်ရွယ်ချက်တစ်ခု မအောင်မြင်ခဲ့ရင်လည်း စိတ်မပျက်ဘဲ ကြိုးစားနေရင် တစ်နေ့ အောင်မြင် လာရမှာပဲ။ အခြေအနေကို သုံးသပ်ပြီး ရည်ရွယ်ချက်ကို ပြောင်းလဲပစ်ရ တဲ့ အခါမျိုးလည်း ရှိတတ်တယ်။ ဒါကြောင့် ကြိုတင်ပြင်ဆင်မှုဆိုတာ

mgyoe.com

mgyoe.com


အမြဲလိုတာပဲ"

ကိုထွန်းဦးသည် မိမိသားနှစ်ယောက်နှင့် တစ်ခါတစ်ရံမှသာ စကားပြောဆိုတတ်လေသည်။ ပြောဆိုဆုံးမစရာရှိကလည်း ဒေါ်တင်တင်ချိုကသာ ပြောဆိုဆုံးမတတ်သည်။ အမှန်မှာ ကျောင်းဆရာမတစ်ယောက်လည်းဖြစ်သော ဒေါ်တင်တင်ချိုဆိုက အစစအရာရာ သွန်သင်ဆုံးမလျှင် ပို၍ အဆင်ပြေမည်ဟု ယူဆထားသောကြောင့် ဖြစ်၏။ တင်ထွန်းသည် တစ်စုံတစ်ခု စဉ်းစားမိပြီး...

"ဒါနဲ့ဖေဖေ၊ တစ်နေ့က ကျွန်တော်တို့ ဆရာတစ်ယောက်ပြောတဲ့ စကားကို ကျွန်တော် နည်းနည်း မရှင်းမရှင်းဖြစ်နေလို့၊ သူကပြောတယ်၊ လောကမှာ လူလေးမျိုးလေးစားရှိတယ်တဲ့။ သူ့အကျိုးကိုသာ လုပ်တဲ့သူ၊ သူ့အကျိုးကိုယ့်အကျိုးလုပ်တဲ့လူ၊ ကိုယ့်အကျိုးချည်းလုပ်တဲ့သူ၊ ပြီးတော့ သူ့အကျိုးရော ကိုယ့်အကျိုးရော ယုတ်အောင်လုပ်တဲ့လူပဲတဲ့။ အဲဒီထဲမယ် သူ့အကျိုးချည်း လုပ်နိုင်ရင်တော့ အကောင်းဆုံးပေါ့တဲ့။ မလုပ်နိုင်ရင် သူ့အကျိုးကိုယ့်အကျိုးလုပ်တဲ့၊ ဒါမှမလုပ်နိုင်သေးရင် ကိုယ့်အကျိုးချည်း လုပ် ကောင်းသေးတယ်တဲ့။ ဒါပေမဲ့ နှစ်ဖက်အကျိုးယုတ်အောင်တော့ ဘယ်တော့မှ မလုပ်ကြနဲ့လို့ ပြောတယ်။ နှစ်ဖက် အကျိုးယုတ်တယ်ဆိုတာက ဥပမာ... ပန်းခြံက ပန်းတွေ အလကားသက်သက် ဖျက်ဆီးတာတို့၊ လမ်းဓာတ်မီးရိုက်တာတို့ကို ဆိုလိုပါတယ်တဲ့။ ဒါဟာ နှစ်ဖက်အကျိုးယုတ်တဲ့ အလုပ်တွေပဲလို့ ပြောတယ်" ဟုပြောပြီး ခဏ ရပ်ထားလိုက်၏။ ကိုထွန်းဦးက...

"အဲဒါ..." ဟု ပြောလျှင်...

"အဲဒါဟာ ကျွန်တော်က ဒါဖြင့် ဓားပြတိုက်တာဟာ သူ့အကျိုးယုတ်ပေသိ၊ ကိုယ့်အကျိုးရှိတာပဲ၊ လုပ်သင့်သလားလို့မေးတော့ ပုလိပ်မမိရင်တော့ ကိုယ့်အကျိုးလည်း ယုတ်တာပဲ။ ဒါပေမဲ့ ပုလိပ်မမိအောင်

mgyoe.com

mgyoe.com


လုပ်နိုင်ရင်တော့ ကိုယ့်အကျိုး ရှိနေသားပဲ လုပ်တဲ့။ ဒါဟာ နှစ်ဖက် အကျိုးယုတ်အောင် လုပ်တဲ့လူတွေနဲ့စာရင်တော့ အပုံကြီး တော်သေးတာ ပဲလို့ ပြန်ဖြေတယ်။ ဖေဖေ အဲဒါမှန်သလား"

တင်ထွန်းသည် စကားဆုံးလျှင် မေးခွန်းထုတ်လိုက်သည်။ ကိုထွန်းဦးသည် တင်ထွန်း၏ အမေးကို အနည်းငယ်မျှ စဉ်းစားလိုက်ပြီး...

"အမှန်ကတော့ ဒီလိုရှိတယ်တင်ထွန်း၊ လောကကြီးမှာ ဘယ်ဟာမှ အတိအကျရယ်လို့ မရှိဘူး။ ဆိုလိုတာက ကိုယ်ကမှန်တယ်လို့ ထင်မှတ် ယုံကြည်နေတဲ့ အရာတွေကလွဲလို့ပေါ့လေ။ နောက်ဆုံး မှားတယ်၊ မှန် တယ်ဆိုတဲ့ စကားတောင် လူတွေက ဆုံးဖြတ်ပြီး လိုက်နာနေတဲ့ ကိစ္စ တစ်ရပ်သာလျှင် ဖြစ်တယ်။ ဥပမာ ဗုဒ္ဓဘာသာဝင်တွေဟာ ဘုရား ကျောင်းကန်ထဲရောက်ရင် ဖိနပ်ချွတ်တယ်၊ ခရစ်ယာန်ဘာသာဝင်တွေကျ တော့ ဘုရားရှိခိုးကျောင်းထဲဝင်ရင် ဦးထုပ်ချွတ်တယ်။ ဖိနပ်ကိုတော့ မချွတ်ပြန်ဘူး။ ဒါဟာ ဘယ်သူမှန်တယ်လို့ ပြောမလဲ၊ အမှန်ကတော့ လောကကြီးတစ်ခုလုံးဟာ နှိုင်းယှဉ်ချက်တွေသာ ဖြစ်တယ်။ ဥပမာ... ငါ့သား နားလည်သဘောပေါက်အောင် ပြောရမယ်ဆိုရင် မောင်ဘ အသားဖြူသည်ဆိုတဲ့ မှတ်ချက်ထဲမှာ မောင်ဘ အသားဖြူတယ်ဆိုတာ ကို ဘယ်လိုလုပ် သိနိုင်တာလဲ။ အဖြေကတော့ အသားမည်းတဲ့ မောင်ညို ရှိနေလို့သာလျှင် မောင်ညိုနဲ့ နှိုင်းယှဉ်လိုက်တဲ့အခါမှာ မောင်ဘဟာ အသားဖြူနေမှန်းကို တွေ့ရတော့တာပဲ။ ဒီကိစ္စမှာ အသားမည်းတဲ့ မောင် ညိုရှိနေလို့သာ မောင်ဘ အသားဖြူမှန်းကို တွေ့ရတယ်။ တကယ်လို့များ နှစ်ယောက်စလုံး အသားတစ်ရောင်တည်း ရှိနေကြမယ်ဆိုရင် ဖြူတယ်၊ မည်းတယ်ဆိုတဲ့ ပြဿနာဟာ ပေါ်မလာတော့ဘူး။ ပြီးတော့ မောင်ဘ အရပ်မြင့်တယ်လို့ ပြောလိုက်ရင်လည်း မောင်ဘထက် အရပ်ပုတဲ့လူတွေ ရှိနေလို့သာ မောင်ဘ အရပ်မြင့်နေမှန်းကို သိနေတာ။ အားလုံး အရပ်တူ

mgyoe.com

mgyoe.com



ညီနေမယ်ဆိုရင်လည်း ဒီ အရပ်အနိမ့်အမြင့်ဆိုတဲ့ စကားဟာ ပေါ်မလာနိုင်တော့ဘူး။

"နောက်... ဥပမာတစ်ခု ပြောရမယ်ဆိုရင် မန္တလေးမြို့ဟာ မိုင် ၃၀၀ ဝေးတယ်လို့ပြောရင် လူတွေက အရှူးထင်ပြီး ဘယ်ကနေပြီး မိုင် ၃၀၀ ဝေးတာလဲလို့ မေးမယ်၊ မြစ်ကြီးနားမြို့ကနေပြီး မိုင် ၃၀၀၊ ဟော... ဒီလိုပြောမှာပဲ သိရတော့တယ်။ မြစ်ကြီးနားမြို့ ကျပြန်တော့လည်း အတည်ဖြစ်နေသလားဆိုတော့ မဟုတ်ပြန်ဘူး။ ဒီပြင်မြို့တွေနဲ့ နှိုင်းယှဉ်ပြီးမှသာ ပြောနိုင်တယ်။ နေရာတစ်ခုကို မူသေမထားဘဲ အကွာအဝေးကို ပြောလို့မရဘူး။ ကမ္ဘာကြီးဟာ လည်ပတ်နေပါတယ်ဆိုရင် ဘယ်ဟာကို မူသေထားတော့မလဲ။ စကြဝဠာတစ်ခုလုံးဟာ ဘယ်ဟာမှ အတည်အကျ မူသေရယ်လို့ မထားနိုင်တော့ဘူးပေါ့။ ဒါကြောင့် အကောင်းနဲ့အဆိုး ခွဲခြားရာမှာလည်း အတိအကျရှိတယ်လို့ မယူဆရပြန်ဘူး။ ဝက်သားဟာ တရုတ်တွေအတွက် ကောင်းပေမဲ့ မူဆလင်တွေအတွက် မကောင်းဘူး၊ အမဲသားဟာ မူဆလင်တွေအတွက် ကောင်းပေမဲ့ ဟိန္ဒူတွေအတွက် မကောင်းပြန်ဘူး။ သူခိုးဟာ မကောင်းဘူးလို့ပြောတယ်။ တစ်လောကလုံး သူခိုးချည်း ရှိနေမယ်ဆိုရင် မခိုးတတ်တဲ့လူဟာ အဆိုးဖြစ်နေပြန်ရော။ တစ်လောကလုံးအတွက် အရက်သမားချည်းဆိုရင်လည်း အရက်မသောက်တတ်တဲ့လူကို ဘယ်လိုလူစားပါလိမ့်ဆိုပြီး ဝိုင်းကဲ့ရဲ့ကြပေမယ်။ ဒါကြောင့် ဒီလိုနှိုင်းယှဉ်ချက်သာရှိနေတဲ့ လောကကြီးမှာ ဘယ်ဟာကိုမှ အတိအကျလို့ မယူဆရဘူး။ အကောင်းဆုံးကတော့ ကိုယ့်စဉ်းစားဉာဏ်နဲ့ကိုယ် ဆုံးဖြတ်ပြီး ကိုယ်မှန်တယ်ထင်တာကို လုပ်သွားနိုင်ရင်၊ လုပ်သွားရဲတဲ့ သတ္တိရှိရင် အကောင်းဆုံးပဲ"

တင်ထွန်းသည် မျက်တောင်မခတ်ဘဲ နားထောင်နေပြီး စကားဆုံးလျှင်...

mgyoe.com

mgyoe.com



"ဟုတ်တယ်ဖေဖေ၊ ကျွန်တော်တော့ ကိုယ်မှန်တယ်ထင်တာကို တော့ ယုံယုံကြည်ကြည်နဲ့ လုပ်သွားမှာပဲ" ဟု ထောက်ခံလိုက်သည်။

"အဲဒါ အကောင်းဆုံးပေါ့၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ တချို့လူ တွေဟာ ကိုယ်က မှန်တယ်ထင်တာ လုပ်ခဲ့ပြီးတော့ တကယ်လို့ ဒုက္ခနဲ့ လာကြုံနေမယ်၊ ဒါမှမဟုတ်ရင်လည်း အများအားဖြင့် ဖြစ်တတ်တာက တော့ ပတ်ဝန်းကျင်က သူတို့သဘောနဲ့ ဆန့်ကျင်တယ်လို့ ဝိုင်းကန့် ကွက်ကြမယ်။ အဲသည်လိုအဖြစ်မျိုးနဲ့ ကြုံလာတဲ့အခါမှာ အစက ကိုယ် မှန်တယ်ထင်ပြီး လုပ်ခဲ့ပေမဲ့ စိတ်ထဲမှာ ဇဝေဇဝါဖြစ်လာပြီး ရှက်ကြောက် စိတ်၊ အားငယ်တဲ့စိတ်တွေ ဝင်လာတတ်တယ်။ ဒီလိုအခါမျိုးကျရင် ပတ်ဝန်းကျင်ကို ဂရုစိုက်နေစရာမလိုဘူး။ ကိုယ်မှန်တယ်ထင်လို့ ကိုယ် လုပ်ခဲ့တာပဲ။ နောက်ဆုံး ထောင်ကျကျပေါ့"

"မှားနေရင်လည်း သေးလူအမြင်နဲ့သာ မှားနေမှာ၊ ကိုယ့်အမြင်နဲ့ ကတော့ အမှန်အတိုင်းပဲ။ ပတ်ဝန်းကျင်ဆိုတာကလည်း ကောင်းကျိုးပေး ခဲ့ပါတယ်။ လူတွေဟာ သူများကိစ္စတွေမှာသာ သိပ်ပြီး စပ်စုချင်တတ်ကြ တယ်။ ပြီးတော့ အကောင်းပြောတာလည်း မဟုတ်ဘူး။ အဆင်းကို တွန်းချင်တဲ့လူတွေ၊ သူများရဲ့ အားပျော့ညံ့ဖျင်းတဲ့ အကွက်တွေ၊ ဆုံးရှုံးမှု တွေကိုသာ အသားပေးဖော်ထုတ်ချင်တဲ့ ပတ်ဝန်းကျင်က များနေတတ် ပါတယ်။ ပတ်ဝန်းကျင်ကိုသာ ဂရုစိုက်နေကြမယ်ဆိုရင် ဘယ်သူမှ ဣန္ဒြေရရ မနေနိုင်ဘူး။ ဘဝမှာ အမည်းစက်ရှိတဲ့ လူတိုင်းဟာလည်း အဝေးကိုသာ ထွက်ပြေးချင်ကြမယ်။ ဒီပတ်ဝန်းကျင်ကကော အမှန်တဲ့ လားလို့သာ ပြန်မေးလိုက်ရင် ကိစ္စပြတ်ကရော"

"အဲ့သည်တစ်ချက် တစ်ခုတော့ သေသေချာချာမှတ်ထား..."

"ဖေဖေပြောတာကို ကျွန်တော် ကောင်းကောင်းမရှင်းဘူး"

တင်ထွန်းသည် မျက်မှောင်တစ်ချက်ကုတ်ပြီး ကြည့်လိုက်သည်။

mgyoe.com

mgyoe.com


"ဒီလိုလေ၊ ဥပမာ… တစ်ခုပြောရရင် ဟိုတစ်လောက ကောလိပ်ကျောင်းသူ နာမည်ကြီး သူဌေးတစ်ယောက်ရဲ့ သမီးပျိုကလေးဟာ ကလေးခြောက်ယောက်ဖအေ ဝန်ထောက်ကြီးတစ်ယောက်နဲ့ ထွက်ပြေးကြတယ်။ သူ့မိဘများက အမွေပြတ်ကြေညာပြီး သတင်းစာကြီးကလည်း အမျိုးမျိုး ကဲ့ရဲ့ဝေဖန်ကြတာပေါ့။ မိန်းကလေးရဲ့ အပေါင်းအသင်း၊ မိတ်ဆွေများကလည်း ဝိုင်းပယ်ထားလိုက်ကြတယ်။ တစ်နေ့တော့ သူတို့လင်မယားနဲ့ ဖေဖေတွေ့တယ်"

"မိန်းကလေးက မျက်ရည်စက်လက်နဲ့ သူ့အဖြစ်ကို ပြောပြတယ်။ ဒီတော့ ဖေဖေက အစက သေသေချာချာ မစဉ်းစားဘဲ ပြေးကြတာလားလို့ မိန်းကလေးကို မေးတယ်"

"မိန်းကလေးက ကျွန်မ သေသေချာချာ စဉ်းစားပြီးမှ လုပ်တာပါပဲလို့ ပြန်ဖြေတယ်။ ဖေဖေကလည်း ပြန်ပြောလိုက်တယ်။ ကိုယ်မှန်တယ်ထင်ပြီး လုပ်ခဲ့တာပဲ။ ဆားပတ်ဝန်းကျင်ကို ဂရုမစိုက်ပါနဲ့။ ဆားပတ်ဝန်းကျင်ရဲ့ အပြောကိုသာ စဉ်းစားနေမယ်ဆိုရင် တစ်သက်လုံး စိတ်ချမ်းသာတော့မှာ မဟုတ်ဘူး၊ မေ့ပျောက်ပစ်လိုက်စမ်းပါလို့ အကျိုးနဲ့၊ အကြောင်းနဲ့ ရှင်းပြခဲ့တယ်။ အခုတော့ သူတို့လင်မယားဟာ ပျော်ပျော်ရွှင်ရွှင် နေထိုင်ကြတာကို တွေ့ရတယ်။ သူတို့ကိစ္စမှာ မှားတယ်၊ မှန်တယ်ဆိုတာကို ဖေဖေ ဝေဖန်တာ မဟုတ်ဘူးနော်။ ဖေဖေဆိုလိုတာက လုပ်ပြီးမှ ဝမ်းမနည်းဖို့အကြောင်း ပြောနေတာပါ။ ဝန်ထောက်ကြီးရဲ့ အရင် မယားဟောင်းဘက်ကနေကြည့်ရင်တော့ သနားစရာ၊ ခံပြင်းစရာပေါ့လေ။ ဒါပေမဲ့ ဖြစ်လာပြီးမှတော့ ထိုင်ငိုနေလို့လည်း အသစ်ပြန်ဖြစ်လာနိုင်တော့တာမှမဟုတ်ဘဲ။ သူတို့ချင်း ပြန်ပေါင်းမိကြတောင်မှ အရင်လို ပျော်ရွှင်မှုမျိုးကို ပြန်ရဖို့ဟာ အင်မတန် ခဲယဉ်းတာပဲ။ ဒီလိုကိစ္စမျိုးနဲ့ ကြုံလာရင် မိန်းမတွေက ခံနိုင်ရည်မရှိတောင် ယောကျ်ားလုပ်တဲ့လူတွေက ခံနိုင်ရည်

mgyoe.com

mgyoe.com


ရှိရမယ်။ ဖေဖေပြောနေတာက ပြဿနာအားလုံးကို ခြုံပြောတာနော်။ ဖေဖေဆိုလိုတဲ့ သဘောကတော့ အဲဒါပါပဲ။ ဒါပေမဲ့... အလုပ်တစ်ခုကို မလုပ်ခင်တော့ သေသေချာချာ ပြန်စဉ်းစားဖို့လိုတယ်။ လုပ်ပြီးမှတော့ မှားမှားမှန်မှန် ဘယ်သူကဘာပြောပြော ဂရုစိုက်မနေနဲ့တော့၊ ဆုံးရှုံးမှု ဖြစ်ပေါ်လာရင်လည်း ဝမ်းနည်းမနေနဲ့တော့။ ဒါမျိုး ဖေဖေကြိုက်တယ်။ သဘောပေါက်ကဲ့လား"

"ဟုတ်ကဲ့... ဖေဖေ၊ ရှင်းပါပြီ"

ထိုခဏ၌ ကားဝင်လာသံ ကြားရသည်။ ကိုကျော်စိန်သည် အောက်ထပ် သူ့အခန်းသို့ ဝင်သွားဟန်တူသည်။ အပေါ်ထပ်သို့ တက်လာသည်ကို မကြားရချေ။ အကြောင်းထူးမရှိ၍သာ တက်မလာခြင်း ဖြစ်ပေမည်ဟု ကိုထွန်းဦး စိတ်မှ မှတ်လိုက်လေ၏။

ကိုထွန်းဦးလည်း သားနှစ်ယောက်နှင့်ပင် စကားလက်ဆုံ ကျနေပြန်တော့သည်။

၁၀ နာရီခန့်သို့တိုင်လျှင် အားလုံး အိပ်ရာဝင်ကြသည်။ စိန်ထွန်းနှင့် တင်ထွန်းတို့သည် ပြတင်းတံခါးများကို လိုက်ပိတ်ပြီး တစ်ခန်းတည်း အတူဝင်အိပ်ကြတော့၏။

ကိုထွန်းဦး အိပ်ခန်းသို့ ဝင်လာသောအခါ ဒေါ်တင်တင်ချိုသည် ခြင်ထောင်ကိုမချဘဲ အိပ်ရာပေါ် လှဲနေသည်ကို တွေ့ရသည်။ ကိုထွန်းဦးလည်း အခန်းတံခါးကို ကလန့်ထိုးလိုက်ပြီး ခုတင်ပေါ်တွင် ခြေချထိုင်လိုက်လေ၏။

"အိပ်ချင်ပြီလား"

"အင်း... မနက်ဖြန်ကို စာမေးပွဲမေးခွန်းများ ထုတ်စရာရှိနေတယ်။ အဲဒါ စဉ်းစားနေတာပါ"

ကိုထွန်းဦးသည် စီးကရက်တစ်လိပ်ကို သောက်နေရာမှ တစ်ဝက်

mgyoe.com

mgyoe.com



ကျော်ကျော်ရောက်လျှင် ပြတင်းပေါက်ကိုဖွင့်ပြီး အပြင်ဘက်သို့ လွှင့်ပစ်လိုက်လေ၏။ ပြတင်းပေါက်ကို ပြန်ပိတ်ပြီး ခြင်ထောင်ချလိုက်သည်။ နောက် ဇနီးသည်နှင့်ယှဉ်ပြီး အိပ်လိုက်၏။ လင်မယားနှစ်ယောက်သည် အိပ်မပျော်ကြသေးဘဲ အတန်ကြာအောင်ပင် စကားတတွတ်တွတ်နှင့် ပြောနေကြသည်။ ထိုစဉ် ကိုထွန်းဦးက ဘယ်လိုလုပ်လိုက်သည်မသိ။

"အို... အဲသည်မှာ မကိုင်ပါနဲ့ဆို၊ ယား... အင့်"

ဒေါ်တင်တင်ချိုသည် လင်တော်မောင်ကို တစ်ချက်မျက်စောင်းထိုးပြီး ရင်ဘတ်ကို ထုလိုက်၏။ ကိုထွန်းဦးကမူ မျောက်အော်သံလိုပင် တခွီးခွီးနှင့် ရယ်နေသည်။

"မီးပိတ်လိုက်ပါဦး"

"အို... မှောင်နေရင် ဘာမှမမြင်ရဘူး၊ ကလေးတွေမှ မဟုတ်တာ"

"ရှင်မပိတ်ရင် ကျွန်မပိတ်၊ အို..."

လင်မယားနှစ်ယောက်စလုံး စကားပြတ်သွားလေ၏။ မကြာမီ ကိုထွန်းဦးသည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး ဇနီးသည်ဘက်စောင်း၍အိပ်လိုက်သည်။ ဒေါ်တင်တင်ချိုကမူ စောစောက စဉ်းစားထားပြီးသမျှသော မေးခွန်းလွှာများကို မေ့သွားလေသည်။ လောလောဆယ် စဉ်းစားမိသည်ကတော့ ငယ်ငယ်က ဖြစ်ရပ်များသာ၊ ကိုထွန်းဦးက တစ်ဖန်လှုပ်ရှားလာပြန်သောအခါ ဒေါ်တင်တင်ချိုသည် အံ့ဩနေမိလေ၏။

"ကို ဒီည ဘာဖြစ်နေတာလဲ၊ ဟင်း... သိပ်ပြီး ကဲနေတာပဲ"

"ဘာဖြစ်ရမှာလဲ မိချို့ရဲ့၊ လင်မယား ချစ်တာ၊ ချစ်တာပေါ့"

နောက်ဆုံး ဒေါ်တင်တင်ချိုက မီးထပိတ်လိုက်တော့မှ နှစ်ယောက်သား အိပ်ပျော်၍ သွားကြတော့သည်။

□

mgyoe.com

mgyoe.com

# ( ၅ )

ဒေါ်တင်တင်ချိုသည် ယနေ့ အိပ်ရာထ နောက်ကျလေ၏။ ခါ တိုင်းဆိုလျှင် ၅ နာရီထိုးလျှင် မျက်နှာသစ်ပြီးဖြစ်သော်လည်း ယနေ့တော့ ၆ နာရီထိုးမှ နိုးလာသည်။ ဘေးတွင် အိပ်ရာထ နောက်ကျလေ့ရှိသော ကိုထွန်းဦးကို မတွေ့ရပေ။ နောက်ဖေးသွားနေတာပဲ အောက်မေ့၍ ဒေါ် တင်တင်ချိုလည်း အိပ်ရာမှ လူးလဲထလိုက်သည်။ ခေါင်းအနည်းငယ် ခဲပြီး အုံနေ၍ ခေါင်းရင်းပြတင်းပေါက်ကို ဖွင့်လိုက်ပြန်သည်။ နောက် ရေချိုးခန်းသို့ ထွက်သွားလေ၏။ ရေချိုးခန်းတွင်လည်း ကိုထွန်းဦးကို မတွေ့ရသောအခါ ဒေါ်တင်တင်ချိုသည် စိတ်ထဲ တစ်မျိုးဖြစ်သွားမိလေ ၏။ စိတ်တိုသလိုလိုလည်း ဖြစ်သွားမိသည်။ အိပ်ခန်းသို့ ပြန်ရောက်လျှင် ခြင်ထောင်ကို မတင်လိုက်ပြီး အိပ်ရာခင်းကို နေသားကျအောင် ပြန်ပြုပြင် လိုက်သည်။ တွန့်ခေါက်နေသော နေရာများကိုလည်း လက်ကလေးပြင် ဖိ၍ ပြန့်သွားအောင် ပြန်လုပ်လိုက်၏။ ခေါင်းအုံးကို မလိုက်သောအခါ စာခေါက်ကလေးတစ်ခုကိုတွေ့၍ စားပွဲပေါ် ယူတင်ထားလိုက်သည်။ ပြီးမှ မိမိနာမည်ကို တွေ့လိုက်၍ အံ့သြသွားပြီး သေသေချာချာ ပြန်ကြည့် လိုက်သောအခါ ကိုထွန်းဦး၏ လက်ရေးဖြစ်နေသည်ကို တွေ့ရလေ၏။

mgyoe.com

mgyoe.com


စာရွက်ခေါက်လေးကို ဖြန့်လိုက်သောအခါ ဒေါ်တင်တင်ချို၏လက်များ တုန်၍နေလေသည်။ အတွင်းမှစာသားကို တွေ့ရလျှင်မူကား မိမိမျက်စိကိုပင် မယုံကြည်နိုင်အောင်ဖြစ်ပြီး တစ်ကိုယ်လုံးလည်း တဆတ်ဆတ် တုန်သွားသည်ဟု ထင်လိုက်ရလေတော့သည်။

မတင်တင်ချို...

မင်း... ဒီစာကို ဖတ်နေတဲ့အချိန်မှာ ငါဟာ မန္တလေးမြို့မှာ ရှိနေတော့မှာမဟုတ်ဘူး။ ငါရဲ့ လုပ်ဖော်ကိုင်ဖက်များရှိနေတဲ့ တောတွင်းတစ်နေရာကို ရောက်နေပြီးဖြစ်နေမယ်။

ယခုလို ရုတ်တရက် ဆုံးဖြတ်လိုက်ရတာက တော့ တောတွင်းမှာ အရည်အချင်းပြည့်ဝတဲ့ သင်တန်းဆရာတစ်ယောက် အရေးတကြီး လိုအပ်လာလို့ပဲ ဖြစ်တယ်။ နောက်အကြောင်းတစ်ခုကတော့ မြေပေါ်မှာ ဆက်လက်လှုပ်ရှားနေလို့လည်း မကောင်းတော့ဘူး။ စစ်ဘက်စုံထောက် အဖွဲ့ကလည်း အတော်အတန် ရိပ်မိသိရှိနေပြီလို့ ယူဆရတယ်။ ဒီလို အရေးကြီးနေတဲ့အချိန်မှာ အဖမ်းလည်း မခံချင်သေးဘူး။ အချိန်တွေ အလဟဿဖြစ်သွားမယ်။ ဒါကြောင့် ထွက်သွားရခြင်းသာဖြစ်တယ်။

ဒုက္ခခံပြီး လိုက်လံစုံစမ်း ရှာဖွေမနေပါနဲ့တော့၊ စိတ်လည်း သိပ်ပြီး ညစ်မနေပါနဲ့လို့ မှာထားလိုက်ချင်တယ်။ မင်းတို့ကိုပစ်ပြီး ထွက်သွားရတာဟာ အမှန်ကတော့ ငါ့မှာလည်း လူသားတစ်ယောက်

mgyoe.com

mgyoe.com


အနေနဲ့ အတော်ပဲ စိတ်ထိခိုက်ရပါတယ်။ မလွှဲသာတဲ့အခြေအနေမို့ ထွက်သွားရတယ်ဆိုတာ ယုံပါ။ အလျဉ်းသင့်တိုင်း စာရေးပါမည်။ ကလေးတွေကို သေသေချာချာ ဂရုစိုက်ရစ်ပါ။ ကိုယ့်ကျန်းမာရေးလည်း ဂရုစိုက်ပါ။

ကျော်စိန်ကိုလည်း ခေါ်သွားတယ်၊ လောလောဆယ်ဆယ်တော့ မောင်တင်ထွန်းကိုပဲ ကားမောင်းခိုင်းဦးပေါ့။ သင့်တော်တဲ့လူတွေ့ရင်လည်း ခေါ်ခန့်ထားပါ။ မင်းအဒေါ်များထဲက အားကိုးနိုင်မယ့် သူတစ်ယောက်ကိုလည်း ခေါ်ထားနိုင်ရင် ကောင်းမယ်။ ဒါပါပဲလေ။

ထွန်းဦး

စာမှာ မနေ့ကနေ့စွဲနှင့် ဖြစ်သည်။

ဒေါ်တင်တင်ချိုသည် ခေတ္တငိုင်၍ သွားလေ၏။ မည်မျှကြာသွားသည်မသိ၊ တင်ထွန်းဝင်လာပြီး...

"မေမေ၊ ကော်ဖီသောက်ရအောင်... ဟင်၊ မေမေ ငိုနေသလား။ ဘာဖြစ်နေတာလဲ၊ ဖေဖေကော..." ဟု မေးလိုက်မှ ကပျာကယာ မျက်ရည်သုတ်ပြီး...

"မေမေ ခေါင်းကိုက်နေလို့ပါ သားရယ်၊ ဘာမှမဖြစ်ပါဘူး၊ မင်းတို့ဖေဖေ အစောကြီးပဲ ခရီးထွက်သွားတယ်။ ရန်ကုန်က သူ့မိတ်ဆွေတစ်ယောက်ဆီကို အရေးကြီးတဲ့ကိစ္စရှိလို့တဲ့။ ကဲ... သားတို့သောက်နှင့်၊ မေမေ အခုလာခဲ့မယ်" ဟု ပြန်ပြောလိုက်လေ၏။

ယခုအချိန်တွင် သားနှစ်ယောက်ကို ဒီအကြောင်းထုတ်ပြော၍

mgyoe.com

mgyoe.com


သင့်မည်မဟုတ်ချေ။ စာမေးပွဲလည်း အလွန်နီးကပ်နေပြီဖြစ်သည်။ စိတ်ညစ်စရာများ မပြောသင့်ပေ။ အထူးသဖြင့် သားကြီးစိန်ထွန်း စိတ်ထိခိုက်သွားမည်ကို စိုးရိမ်ရသည်။ မိမိကပါ စိတ်အားငယ်နေလျှင် မဖြစ်ချေ။ အမှန်မှာ ကိုထွန်းဦးရေးထားသလိုပင် အစိုးရလည်း နောက်ယောင်ခံချင်ခံနေပေမည်။ မတော်တဆ ဖမ်းလားဆီးလားလုပ်ခဲ့လျှင် သားလေးနှစ်ယောက် ပို၍ စိတ်ထိခိုက်သွားရှာမည်။ ဖြစ်ပြီးမှလည်း ဝမ်းနည်းနေလျှင် အပိုသာ ဖြစ်ချေတော့မည်။ သားလေးနှစ်ယောက်ကိုသာ ဂရုစိုက်ထိန်းသိမ်းပြီး စိတ်ကို ဖြေရပေတော့မည်။ ဒေါ်တင်တင်ချိုသည် ဤသို့ စဉ်းစားမိပြီး မိမိကိုယ်ကို အားပေးနေမိလေ၏။ သို့သော် စိတ်တွင် ကြည်လင်လာခြင်းတော့ ဖြစ်မလာချေ။

အိပ်ရာများ ခေါက်သိမ်းပြီးသောအခါ မီးဖိုချောင်သို့ ထွက်လာသည်။

"မေမေ ညတုန်းကတော့ ဖေဖေ ခရီးထွက်မယ်လို့ မပြောပါလား" စိန်ထွန်းက မေးသည်။

ဒေါ်တင်တင်ချိုသည် မျက်နှာပျက်မသွားမိအောင် အတော် ဂရုစိုက်နေရရှာ၏။ ကုလားထိုင်တစ်လုံးတွင် ထိုင်မိသောအခါ...

"ညမိုးချုပ်မှ ဧည့်သည်တစ်ယောက် ရောက်လာတယ်ကွယ်၊ မနက်က အစောကြီး ရထားအမီ ဘူတာရုံကို ထွက်သွားကြတာပဲ" ဟု ရှင်းပြရပြန်သည်။

"သြော်..." စိန်ထွန်းသည် အနည်းငယ် အံ့သြနေသော်လည်း တစ်စုံတစ်ရာ ပြန်မမေးတော့ဘဲ ကော်ဖီပူပူကိုသာ အေးအောင် တဖူးဖူး မှုတ်နေလေ၏။

ဒေါ်တင်တင်ချို ကော်ဖီသောက်ပြီးသောအခါ...

"တင်ထွန်းရယ်၊ မေမေ့ကို မြို့ထဲ ခဏလိုက်ပို့ဦးနော်" ဟု

mgyoe.com

mgyoe.com


သားလေးကို ပြောလိုက်သည်။

"ကိုကျော်စိန်ကော မေမေ"၊ တင်ထွန်းသည် အံ့သြနေ၏။

"ကျော်စိန်ပါ မင်းတို့ဖေဖေနဲ့ လိုက်ပါသွားတယ်"

"ဟင်... ဟုတ်လား၊ ကောင်းပြီလေ၊ မေမေသွားချင်တဲ့အချိန် ပြောပေါ့"

ဒေါ်တင်တင်ချိုသည် စိန်ထွန်းကိုကြည့်ပြီး...

"ငါ့သားကော အခုတစ်လော ဘယ်လိုနေသေးလဲ" ဟု မေးလိုက်သည်။

"ကျွန်တော် စာကျက်တဲ့အခါ သိပ်အိပ်ချင်တာပဲမေမေ၊ တခြားတော့ ဘာမှ ထူးထူးခြားခြား မဖြစ်ပါဘူး"

"အေး... ဖြည်းဖြည်းတော့ ပျောက်သွားမှာပါ၊ စာလည်း သိပ်ပြီး အပင်ပန်းခံ ကျက်မနေနဲ့။ ကျန်းမာရေးက ပိုအရေးကြီးတယ်။ ကဲ... ငါ့သား အိမ်မှာပဲနေဦးနော်။ မေမေနဲ့တင်ထွန်း အပြင်ခဏ သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့... မေမေ"

ဒေါ်တင်တင်ချိုသည် ကိုထွန်းဦး အလုပ်လုပ်သော သတင်းစာတိုက်သို့ အရင်သွားလိုက်သည်။ အဆင်သင့်ပင် တိုက်အုပ်နှင့်တွေ့ရ၏။ တိုက်အုပ်ကလည်း ဖော်ရွေစွာ ဆီးကြိုနှုတ်ဆက်ပြီး မိမိလည်း ယခုပင် အိမ်ကိုလာဖို့ လုပ်နေကြောင်း၊ ကိုထွန်းဦးတစ်ယောက် ရုတ်တရက် နုတ်ထွက်သွား၍ များစွာ အံ့သြနေမိကြောင်း ဆီး၍ ပြောလေသည်။

ဒေါ်တင်တင်ချိုလည်း အဆင်ပြေအောင် ကြည့်ပြောခဲ့ပြီး ဦးဘိုးစိန်ထံ တစ်ပတ်လှည့်ခဲ့ကာ ဝယ်ခြမ်းစရာများ ရှိနေ၍ ဈေးဘက်သို့ ထွက်သွားပြန်လေ၏။

□

mgyoe.com

mgyoe.com

( ၆ )

ဒေါ်တင်တင်ချိုသည် ကိုထွန်းဦး အိမ်ကထွက်သွားသည့် အဖြစ်မှန်ကို သားနှစ်ယောက်အား ထုတ်ဖော်ပြောပြရန် အချိန်သင့်ပေပြီဟု အောက်မေ့မိလေ၏။ ကိုထွန်းဦး အိမ်က ထွက်သွားခဲ့သည်မှာ တစ်လကျော်ခဲ့ပြီဖြစ်သော်လည်း စာတစ်စောင်မှပင် ရောက်မလာသောအခါ သားနှစ်ယောက်စလုံးက မကြာခဏ မေးမြန်းနေကြပြီဖြစ်သည်။ အဖြစ်မှန်ကို သိထားသော မိမိကိုယ်တိုင်ပင် မည်မျှ စိတ်တင်းထားပါသော်လည်း ဖြေ၍မရပေ။ ကျန်းမာရေးပင် သိသိသာသာကြီး ထိခိုက်လာသည်ကို သတိပြုမိလေ၏။ ကိုထွန်းဦး အိမ်က ထွက်သွားစက မပြောဘဲနေခဲ့သည်မှာ သားနှစ်ယောက်စလုံးပင် စာမေးပွဲဖြေဆိုကာနီး စိတ်ညစ်ညူးမသွားအောင် ဖုံးကွယ်ထားခဲ့ခြင်းဖြစ်ရာ ယခု စာမေးပွဲလည်း ပြီးနေပြီဖြစ်၍ တစ်နေ့ ပြန်လာနိုးနိုးနှင့် စောင့်မျှော်နေကြသော သားနှစ်ယောက်၏ မျှော်လင့်ချက်ကို မကြည့်နိုင်အောင် ရှိနေမိလေ၏။

သို့နှင့် တစ်နေ့တွင် အကြောင်းမှန်ကို ဖွင့်ပြောလိုက်လေတော့သည်။ ပထမတွင် သားနှစ်ယောက်စလုံးကပင် မယုံကြည်နိုင်အောင် အံ့အားသင့်သွားကြလေ၏။ တင်ထွန်းတစ်ယောက်သာလျှင် အခြေ

mgyoe.com

mgyoe.com


အနေကို အစကတည်းက အတော်အတန်ပင် ရိပ်မိဟန်ရှိပြီး ဖြေ၍ရရှာသော်လည်း စိန်ထွန်းတစ်ယောက်မှာမူ စကားနည်းသောသူတို့ ထုံးစံအတိုင်း မိမိခံစားချက်ကို ဖွင့်၍မပြောသော်လည်း စိတ်တွင်းမှ တအုံ့နွေးနွေးနှင့် အတွင်းကျိတ်၍သာ ဆွေးနေရှာလေတော့သည်။ အကြောင်းမှန်ကို သိရပြီး တစ်ပတ်ခန့်အကြာတွင် စိန်ထွန်းသည် အိပ်ရာပေါ်လဲသည်အထိ အခြေအနေ ဆိုးလာလေတော့၏။

ဒေါ်တင်တင်ချိုလည်း များစွာ စိုးရိမ်မိကာ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေရှာပြီး နောက်ဆုံး ဒေါက်တာအေးလွင်ကို သတိရလေသောကြောင့် တင်ထွန်းကိုလွှတ်၍ ခေါ်ခိုင်းလိုက်လေ၏။ ဒေါက်တာအေးလွင်လည်း သူငယ်ချင်းတစ်ဦး၏သား ဖြစ်နေသည့်အပြင် မိမိကြည့်ရှုနေသော လူနာတစ်ဦးလည်းဖြစ်နေ၍ ချက်ချင်း လိုက်လာရှာသည်။

လူနာကို စမ်းသပ်ပြီးသောအခါ ဒေါက်တာအေးလွင်သည် ဧည့်ခန်းသို့ထွက်လာပြီး…

“စိတ်ထိခိုက်သွားတာပဲ၊ ချောင်းကော ဆိုးသေးသလား” ဟု မေးလျှင် ဒေါ်တင်တင်ချိုက…

“ဆိုးတယ်၊ ညညဆိုရင် တစ်ခါတလေ အိပ်တောင် မအိပ်နိုင်ရှာဘူး” ဟု ပြန်ပြောသည်။

“ကျွန်တော်ပေးထားတဲ့ဆေးကော မှန်မှန်စားခိုင်းရဲ့လား”

“စားခိုင်းပါတယ်ဒေါက်တာ”

“ဘယ်လိုဖြစ်ပြီး ပိုဆိုးသွားရတာလဲဗျာ”

ဒေါ်တင်တင်ချိုသည် ပထမတွင် ပြောသင့်၊ မပြောသင့် ချိန်ဆနေပြီး နောက်ဆုံး၌ အလုံးစုံကို ပြောပြလိုက်လေ၏။ ဒေါက်တာအေးလွင်လည်း များစွာ အံ့အားသင့်သွားကာ…

mgyoe.com

mgyoe.com


"ဟင်... ကျွန်တော်ဖြင့် လုံးဝကို မရိပ်မိဘူးဗျာ၊ ဟုတ်မှာပါပဲလေ။ သူ့ဝါသနာကိုက ထင်ပေါ်မှုကို လိုလားတာမဟုတ်ဘူး။ ကျောင်းတုန်းက လည်း ဒီလိုပဲ။ နိုင်ငံရေးလုပ်တယ်ဆိုပေမဲ့ နော [illegible] ်ကနေပြီးတော့သာ လုပ်တာ။ အတော့်ကို ပိရိတဲ့လူပဲနော်။ ကျွန်တော်တော့ သူ နိုင်ငံရေး မလုပ်တော့ဘူးမှတ်နေတာ" ဟု ပြန်ပြောလေသည်။

"ကျွန်မကပဲ အတန်တန်ပြောပေမဲ့ မရဘူး ဒေါက်တာရယ်၊ သူ ထွက်သွားတော့လည်း ကျွန်မတို့တောင် မသိလိုက်ရပါဘူး။ စာနဲ့ပဲ အကျိုးအကြောင်း ရေးသွားပါတယ်"

"ဟုတ်လား၊ ကျွန်တော်ဖြင့်ဗျာ အိမ်မှာပဲရှိနေတယ်မှတ်နေတာ။ ကျွန်တော့်ဆီ ဆေးလာလာယူတာလည်း ဒါကြောင့်ကိုး။ ကျွန်တော် တောင် ကံကောင်းလို့ ဒုက္ခတွေ့တော့မလို့ပါလား။ ကျွန်တော်နဲ့များ အရင်တွေ့ခဲ့ရင်လည်း ဒီလိုဖြစ်ချင်မှဖြစ်မှာပဲ။ ကျွန်တော့်ကိုတော့ တော် တော်လေးခင်ရှာတယ်။ ငယ်ငယ်တုန်းကဆိုရင် တိုင်ပင်ဖော်တိုင်ပင်ဖက် တွေပဲ။

"ပြောလို့ရမယ် မထင်ပါဘူးရှင်၊ ကိုထွန်းဦးဟာ တစ်စုံတစ်ခု ဆုံးဖြတ်ပြီးရင် နောက်ဆုတ်လေ့မရှိပါဘူး။ တစ်ဇွတ်ထိုးသာ လုပ်တတ် တာ"

ဒေါ်တင်တင်ချိုသည် စိတ်မသက်မသာနှင့်ပြောပြီး သက်ပြင်း တစ်ချက် မှုတ်ထုတ်လိုက်လေ၏။ ဒေါက်တာအေးလွင်လည်း ထောက်ခံ သည့်သဘောနှင့် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"ဒါတော့လည်း ဟုတ်တယ်ဗျာ၊ ကျောင်းသားဘဝတုန်းကလည်း ဒီအချိုးပါပဲ။ ကျွန်တော်တောင် မှတ်မိသေးတယ်ဗျာ။ တစ်ခါက ကျောင်း သားဆန္ဒပြပွဲတစ်ခုမှာ အစီအစဉ်အားလုံး ပြီးစီးတဲ့အခါ သူ့ကို ခေါင်း ဆောင်ဖို့ ဝိုင်းပြောကြတယ်။ သူက ဆန္ဒပြစရာမလိုဘူးပြောပြီး ငြင်း

mgyoe.com

mgyoe.com


တယ်။ ဒါပေမဲ့ အများက ဝိုင်းပြောပြီး တာဝန်ပေးထားခဲ့ကြတယ်။ ဆန္ဒပြတဲ့နေ့ကျတော့ သူ့စကားအတိုင်း ပေါ်မလာတော့ဘူး။ ဆန္ဒပြပွဲလည်း ပျက်သွားရတာပေါ့။ နောက် အစည်းအဝေးလုပ်တဲ့အခါကျတော့ သူ့ကို ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချကြတယ်။ သူကတော့ ခပ်ပြုံးပြုံးပဲ နေခဲ့တယ်။ ဒါပေမဲ့ မကြာပါဘူး၊ သူပြောတဲ့စကားဟာ မှန်နေတာ တွေ့ရတယ်။ ကျောင်းသားတွေ တောင်းဆိုချက်ဟာ ဆန္ဒမပြဘဲနဲ့ ရခဲ့တယ်။ ဆန္ဒများ ပြခဲ့မိရင်တောင် ရချင်မှရမှာ။ အကျိုးအကြောင်း ဆင်ခြင်သုံးသပ်ရာမှာတော့ နှစ်ယောက်မရှိတဲ့ လူပါပဲဗျာ" ဟု ပြောလိုက်ပြန်သည်။

ဒေါက်တာအေးလွင်သည် စကားပြောရပ်လိုက်ပြီး စီးကရက်တစ်လိပ် မီးညှိသောက်လိုက်သည်။ မကြာမီ အနှင်းက ကော်ဖီနှစ်ခွက်ကို လင်ပန်းနှင့်ယူလာပြီး ချပေးသွား၍ ဒေါ်တင်တင်ချိုက...

"ကော်ဖီသောက်လိုက်ပါဦး ဒေါက်တာ" ဟု ပန်းကန်ကို ရှေ့ထိုးပေးလိုက်သည်။ ဒေါက်တာအေးလွင်သည် ပန်းကန်ကို ကောက်ယူလိုက်ပြီး...

"ကောင်လေးကို စိတ်ညစ်အောင်မလုပ်ဖို့ အရေးကြီးတယ်။ ပြီးတော့ အဆုတ်ကလည်း အားနည်းနေပြန်တော့ ဒီမန္တလေးနဲ့ မလိုက်ပြန်ဘူး" ဟု ပြောလိုက်၏။

"ကျွန်မလည်း တတ်နိုင်သမျှတော့ ဂရုစိုက်တာပါပဲ။ သူက စကားလည်း သိပ်မပြောတော့ အတွင်းကျိတ်ပြီးတော့သာ ပူဆွေးနေရှာတယ်ထင်တယ်"

"ဟုတ်တယ်၊ စကားနည်းတဲ့လူတွေဟာ ဒီလိုချည်းပါပဲ။ ငယ်ကလည်း ငယ်နေသေးတော့ စိတ်မထိန်းနိုင်သေးဘူးပေါ့လေ။ အခု ဆေးနောက်တစ်မျိုး ထိုးပေးထားတယ်။ ရန်ကုန်က ကျွန်တော့်သူငယ်ချင်း

mgyoe.com

mgyoe.com


တစ်ယောက် ပို့ပေးတဲ့ဆေးပါပဲ။ တော်တော်တော့ စွမ်းတဲ့ဆေးပါပဲ။ သူနဲ့တည့်မလားတော့ မပြောတတ်သေးဘူး"

အတန်ကြာမှ စကားပြတ်သွားပြီးနောက် ဒေါက်တာအေးလွင်က...

"ကလေးတွေ စာမေးပွဲအောင်စာရင်း ထွက်ပြီလား"ဟု မေးလိုက်၏။

ဒေါ်တင်တင်ချိုသည် တစ်စုံတစ်ခုကို တွေးတောနေ၍ ရုတ်တရက် မကြားလိုက်မိ၍...

"ရှင်..."ဟု ပြန်မေးလိုက်သည်။

"ဩော်... ကလေးတွေ စာမေးပွဲအောင်စာရင်း ပြောပါတယ်"

"ဟင့်အင်း... မထွက်သေးပါဘူး၊ နောက်လကုန်လောက်မှ ထွက်မယ်ထင်တယ်"

"စိန်ထွန်းက မက်ထရစ်ဆိုတော့ ဒီနှစ်အောင်ရင် ကောလိပ်သွားရမှာပေါ့နော်၊ ဒါပေမဲ့ ကျွန်တော်အကြံပေးချင်တာကတော့ သူ့ကို တစ်နှစ်လောက် ကျောင်းထုတ်ထားရင် ကောင်းမယ်ထင်တယ်"

"ဟုတ်ကဲ့၊ ဒါကတော့ ဒေါက်တာပြောတဲ့အတိုင်း လုပ်ရမှာပေါ့လေ။ ကျန်းမာရေးက ပိုအရေးကြီးတာပဲ"

"ဟုတ်ပါတယ်၊ ကျွန်တော်ကတော့ ဒီအတိုင်းပဲ အကြံပေးချင်ပါတယ်။ တစ်ခုတော့ရှိတယ်လေ၊ အကယ်၍ သူကျခဲ့ရင်တော့ သူ့ကို ရှမ်းပြည်လိုအေးတဲ့ မြို့တစ်မြို့ကို ပို့ထားနိုင်ရင် ကောင်းမယ်။ ဒုတိယနှစ်ဆိုတော့လည်း ဒီလောက် စာကျက်စရာ မလိုတော့ဘူးပေါ့။ နှစ်လည်း အလကား ဖြစ်မသွားစေတော့ဘူးမဟုတ်လား"

"ဟိုတစ်ခေါက် ဒေါက်တာအကြံပေးကတည်းက ကျွန်မ စဉ်းစားနေခဲ့ပါတယ်။ ကလောမှာတော့ ကျွန်မသူငယ်ချင်းတစ်ယောက် ရှိတယ်။

mgyoe.com

mgyoe.com



ဒါပေမဲ့ သူ့မှာ ကလေးငယ်ငယ်လေးတွေများနေတော့ ကျွန်မလည်း အားနာမိတယ်။ ပြီးတော့ ကျွန်မသားကလည်း ဆူဆူပူပူနေရာမှာ နေတတ်တာမဟုတ်ဘူး"

ဒေါက်တာအေးလွင်သည် ခေတ္တ စဉ်းစားနေလိုက်ပြီး...

"ဒီလိုလုပ်လေ၊ ဘယ်မြို့မှာ သင့်လျော်မယ်ဆိုတာ ကျွန်တော် စဉ်းစားလိုက်ဦးမယ်။ သူတို့ အောင်စာရင်းထွက်မှပဲ ဆုံးဖြတ်ကြတာပေါ့ မကောင်းဘူးလား" ဟု ပြောလိုက်၏။

"ကောင်းပါတယ်ရှင်၊ ကျေးဇူးတင်ပါတယ်။ ကျွန်မလည်း တစ်ယောက်တည်းဖြစ်နေတော့ တိုင်ပင်ဖော်တိုင်ပင်ဖက်ရယ်လို့ မရှိဘူး။ တချို့ကိစ္စရပ်တွေမှာ ရုတ်တရက် မဆုံးဖြတ်တတ်အောင် ဖြစ်နေတော့တာပါပဲ"

"အားမငယ်ပါနဲ့ ဆရာမရယ်၊ ကျွန်တော်တို့မှာလည်း ကူညီစောင့်ရှောက်ရမယ့်ဝတ္တရား ရှိပါတယ်။ အစစအရာရာ တိုင်ပင်ပါ။ အတတ်နိုင်ဆုံး ကူညီစောင့်ရှောက်ပါ့မယ်"

"ကျေးဇူးတင်ပါတယ်ရှင်..."

ဒေါက်တာအေးလွင်လည်း အားပေးစကားများပြောပြီး ပြန်သွားတော့သည်။

ဒေါက်တာအေးလွင်သည် ထိုနေ့မှစပြီး အနည်းဆုံး တစ်ပတ်တစ်ခါ မှန်မှန်ရောက်ရှိလာတတ်ပြီး အတတ်နိုင်ဆုံး ကြိုးစား၍ ကုသလေသည်။ သို့သော် အခြေအနေသည် များစွာ ပြောင်းလဲလာခြင်း မရှိချေ။ နောက်ဆုံး စမ်းသပ်သောဆေးမှာ အနည်းငယ် တည့်သယောင်ရှိပြီး အတန်ငယ် သက်သာလာ၏။ သို့သော် ပို၍ စိတ်ချသွားစေရန် မောင်စိန်ထွန်းအနေနှင့် တစ်နှစ်ခန့် မိမိနှင့်တည့်သော ရာသီဥတုတွင် နေထိုင်သွားရလျှင် ကောင်းမွန်သွားလိမ့်မည်ဟု ပြောသောကြောင့် ဒေါ်တင်တင်ချို

mgyoe.com

mgyoe.com


လည်း အမျိုးမျိုး တွေးတောစဉ်းစားထားပြီး ဖြစ်သည်။ သို့နှင့် နှစ်လခန့် ကြာသောအခါ မက်ထရစ်စာမေးပွဲ အောင်စာရင်းများ ထွက်လာတော့သည်။ စိန်ထွန်းတစ်ယောက် ပါမလာချေ။

ထိုကြောင့်ပင် ဒေါက်တာအေးလွင်နှင့် တစ်ဖန် တိုင်ပင်ရလေတော့သည်။ ဒေါက်တာအေးလွင်က မြောက်ပိုင်း ရှမ်းပြည် "ဆင်တောင်ကြီး" မြို့သည် အလွန်သင့်လျော်ကြောင်း အကြံပေး၏။ စိန်ထွန်း၏ ရောဂါ အခြေအနေနှင့် များစွာတူညီသော လူနာတစ်ဦးအား ၎င်းမြို့တွင် သွားနေခိုင်းရာ ကောင်းစွာ ကျန်းမာသွားသည်ကို တွေ့ရကြောင်း ပြောပြသည်။ ပင်လယ်ရေမျက်နှာပြင်ထက် ပေပေါင်း ၆၀၀၀ ကျော်မြင့်သော တောင်စခန်းမြို့တစ်ခုဖြစ်ပြီး လေကောင်းလေသန့်လည်း အစဉ်မပြတ် ရရှိကြောင်း၊ အထက်တန်းကျောင်းတစ်ကျောင်းလည်းရှိနေ၍ အဆင်ပြေလှကြောင်း နောက်ဆုံး အကြံပေးလေသည်။

ဒေါ်တင်တင်ချိုသည် များစွာ အတွေးရကျပ်လျက် ရှိနေ၏။ စိန်ထွန်းကို တစ်ယောက်တည်း လွှတ်လိုက်၍လည်း မဖြစ်နိုင်ပေ။ မိမိကိုယ်တိုင် အလုပ်ကထွက်ပြီး သွားနေလျှင် ကောင်းလေမည်လားဟုလည်း စဉ်းစားနေမိလေ၏။ ဒီလိုဆိုပြန်တော့လည်း ဖြစ်နိုင်မည်မထင်။ လက်ရှိအလုပ်ကို လက်လွှတ်ပြန်လျှင်လည်း ပြန်ရဖို့ ခက်နေပေဦးမည်။ ညီအစ်ကိုနှစ်ယောက်စလုံးကို ပို့ထားလျှင် ကောင်းမည်ထင်သည်။ တင်ထွန်းတစ်ယောက်သည် အစစအရာရာ အားကိုးရပြီးဖြစ်သည်။ သူ့အစ်ကိုကိုလည်း အလွန်ချစ်ရှာသည်။ သူတို့နှစ်ယောက်ကိုတော့ ခွဲထား၍လည်း ရမည်မထင်ပေ။ သားနှစ်ယောက်စလုံးပင် အိမ်နှင့် တစ်သက်လုံး ခွဲမနေဖူးသေး၍လည်း ဝမ်းနည်းနေမိပြန်သည်။ တင်ထွန်းတစ်ယောက်မှာ စာမေးပွဲအောင်သည်ဖြစ်၍ ယခုနှစ် မက်ထရစ် ဖြေရပေတော့မည်။ ဟိုက အထက်တန်းကျောင်းဆိုသည်မှာ ဘယ်လိုအခြေအနေ၊ အဆင့်

mgyoe.com

mgyoe.com


အတန်းမျိုးတွင် ရှိနေသည်ကို မသိပေ၊ စသည်ဖြင့် အမျိုးမျိုး စဉ်းစား ဝေဖန်နေမိလေသည်။

နောက်ဆုံးတွင်တော့ အခြားနည်းလမ်း မရှိတော့သည်နှင့် ဒေါက်တာအေးလွင်၏ အကြံကိုပင် လက်ခံရလေတော့သည်။ မသကာ ခွဲရလျှင်လည်း တစ်နှစ်ပါပဲလေဟုလည်း အောက်မေ့မိလေ၏။ သားနှစ်ယောက်ကိုလည်း အမျိုးမျိုး ဖျောင်းဖျပြောဆိုရပြန်သည်။ နှစ်ယောက်စလုံးပင် မိခင်နှင့်ခွဲခွာ၍ မနေလိုကြပေ။

မေလ ကျောင်းဖွင့်ခါနီးတွင် လိုအပ်သော အနွေးထည် အဝတ်အစားများ၊ စောင်နှင့် ဂွမ်းကပ်များ၊ ဟောလစ်ဘူး၊ ထောပတ်ဘူး စသော စားစရာကအစ လိုလေသေးမရှိအောင် ဝယ်ခြမ်းထားပြီးဖြစ်သည်။ ဆင်တောင်ကြီးမြို့သည် အလွန်ခေါင်သော နေရာဖြစ်၍ မြို့ကြီးများတွင်ရှိသော ပစ္စည်းများကို အလွယ်တကူ ရရှိနိုင်မည်မဟုတ်ပေ။ ညီအစ်ကို နှစ်ယောက်စလုံးပင် ကျောင်းအိပ်ကျောင်းစား နေရမည်ဖြစ်၍ အခြားကျောင်းသား အပေါင်းအဖော်များနှင့် သင့်မြတ်အောင် ပေါင်းသင်းနေထိုင်ရန်ကိုလည်း အထပ်ထပ် မှာကြားရပြန်သည်။ ညီအစ်ကို နှစ်ယောက်စလုံးပင် ပေါင်းသင်းဆက်ဆံရေးတွင်တော့ အထွေအထူး ပြောစရာလိုမည် မဟုတ်သော်လည်း မိမိကိုယ်တိုင် မရောက်ဖူးသေးသော ဒေသဖြစ်သည့်အပြင် အလေ့အထ ဘယ်လိုရှိမှန်း မသိရသော သူစိမ်းတစ်ရံများနှင့် နေထိုင်ရမည်ဖြစ်၍ မဖြစ်သင့်တာများ မဖြစ်ရလေအောင် ကြိုတင်မှာကြားနေခြင်းသာ ဖြစ်လေသည်။

ပစ္စည်းအားလုံးစုံလင်၍ လိုလေသေးမရှိသော နောက်တစ်နေ့တွင် ဒေါ်တင်တင်ချိုသည် သားနှစ်ယောက်အား ဘူတာရုံသို့ ပို့လေ၏။ မိမိထံ အနည်းဆုံး တစ်ပတ်တစ်ကြိမ် စာရေးရန်ကိုလည်း မှာရပြန်သည်။

ဆင်တောင်ကြီးမြို့သည် လားရှိုးမြို့မှတစ်ဆင့် မော်တော်ကားဖြင့်

mgyoe.com

mgyoe.com


သွားရမည်ဖြစ်၏။ ခရီးလမ်း ကွာလှသည်ဖြစ်သော်လည်း နောက်ဆုံးတွင် ယောကျ်ားလေးများ ဖြစ်နေသည့်အပြင် အသက်အရွယ်အားဖြင့်လည်း ထိန်းသိမ်းနိုင်သည့်အရွယ် ရောက်နေပြီမို့ စိတ်မချတချနှင့်ပင် သားနှစ်ယောက်နှင့် ခွဲရလေတော့သည်။

ဘူတာရုံ လိုက်ပို့စဉ်တွင် ညီအစ်ကိုနှစ်ယောက် စိတ်မချမ်းသာ မည်စိုး၍ မိမိစိတ်ကို ထိန်းထားနိုင်ခဲ့သော်လည်း အိမ်ပြန်ရောက်သောအခါ ဒေါ်တင်တင်ချိုသည် များစွာ စိတ်အားငယ်၍ နေမိလေ၏။ ရင်တွင်းမှလည်း ဟာတာတာကြီး ကျန်ရစ်ခဲ့ပြီး မျက်ရည်များသည် အောင့်အည်းထား၍ မရနိုင်ဘဲ တသွင်သွင် စီးကျ၍သာ လာလေတော့သည်။ ကွဲကွာနေရသော အချိန်များသည် မြန်မြန် ကုန်ဆုံးပါစေဟုသာ ဆုတောင်းနေမိတော့၏။

❒

mgyoe.com

mgyoe.com

# ( ၇ )

လားရှိုးမြို့မှ တစ်နေ့တာခရီး ကားစီးသွားလျှင် ဆင်တောင်လေး မြို့ (ဝါ) တောင်ခြေစခန်းမြို့သို့ ရောက်သည်။ ဆင်တောင်မြို့ကြီးသို့ ၎င်း၊ တောင်ခြေစခန်းမြို့မှတစ်ဆင့် တက်ရ၏။ စိန်ထွန်းနှင့် တင်ထွန်းတို့ ၎င်းတောင်ခြေစခန်းမြို့လေးသို့ ရောက်ရှိလာသောအခါ ညမိုးချုပ်နေပြီ ဖြစ်သည်။ နောက်တစ်နေ့မှပင် ဆင်တောင်ကြီးသို့ ခရီးဆက်ရမည်ဖြစ်၍ ၎င်းတောင်ခြေစခန်းမြို့လေးတွင် တစ်ညတာ စခန်းရပ်နားရမည်ဖြစ်၏။ ဟိုတယ်ကဲ့သို့သော တည်းခိုခန်းမရှိ၍ မိမိတို့စီးလာသော ဘတ်(စ်)ကား အစည်းအရုံးတည်ရာ အသင်းတိုက်တွင်ပင် တည်းခိုရလေသည်။

နံနက်မိုးလင်းသောအခါ ညီအစ်ကိုနှစ်ယောက်သည် ကော်ဖီ မှာ သောက်ပြီး အသင်းမှ စီစဉ်ပေးသောကားကို စောင့်နေကြသည်။ ၈ နာရီခန့်တွင် ဂျစ်ကားတစ်စီး ဆိုက်ရောက်လာပြီး ပစ္စည်းများကို တင်ကြ၏။ သေတ္တာကြီးသုံးလုံးနှင့် အိပ်ရာလိပ်နှစ်ခုအပြင် လက်ဆွဲအိတ်များ လည်း ပါနေသေး၍ ကားဆရာက ကားခကို ပိုပေးရမည်ဖြစ်ကြောင်း ပြောလာသည်။ ညီအစ်ကိုနှစ်ယောက် တိုင်ပင်၍ သဘောတူလိုက်၏။ ၈ နာရီခွဲခန့်တွင် တောင်ခြေစခန်းမှ စတင်ထွက်ခွာကြသည်။ ၎င်းမြို့

mgyoe.com

mgyoe.com


လေးမှ အရှေ့ဘက်သို့ နှစ်မိုင်နီးပါးခန့် မောင်းမိလျှင် မြင့်မားသော တောင်ကြီးကို စတင်တက်ရတော့၏။ တောင်တက်သည်ဆိုရာ၌ တကယ်ပင် မတ်စောက်လှသော တောင်ကြီးများကို တစ်ခုပြီးတစ်ခု တက်လာရခြင်း ဖြစ်လေသည်။ လမ်းမှာ ကျဉ်းမြောင်းလှသည့်အပြင် အလွန်ကြမ်းတမ်း၍နေပြန်သည်။ လမ်းတစ်ဖက်တွင် မြင့်မားသော တောင်နံရံကြီး ကာဆီး၍နေပြီး တစ်ဖက်တွင်မူ အဆုံးမရှိသော "ဂျောက်" (ချောက်) ကြီးများကို တွေ့ရသည်။ အနည်းငယ် တိမ်းစောင်းသွားရုံမျှဖြင့် အားလုံး ကိစ္စချောနိုင်သည်ဖြစ်၍ ကားမောင်းသူလည်း အထူးသတိထားကာ ကားကို ကျင်လည်စွာ ထိန်းသိမ်းမောင်းနှင်သွားလေသည်။ အချို့ပို၍ စိုးရိမ်ရသော နေရာများတွင် စပယ်ယာလုပ်သူက တုံးကြီးတစ်ခုကို ကိုင်ပြီး ကားနောက်မှ ပြေးလိုက်လာရသည်။ တစ်လမ်းလုံး အကွေ့အကောက် များလှသည့်အပြင် အထူးသဖြင့် ပစောက်ကွေ့များတွင် အပေါ်သို့ ချက်ချင်း ထိုးတက်သွားတတ်သေးသည်။ အတွေ့အကြုံမရှိသူများအဖို့ အလွန်ပင် အသည်းယားစရာ ကောင်းလှတော့၏။

ညီအစ်ကိုနှစ်ယောက်မှာ ခရီးရှည်သွားဖူးသူများမဟုတ်၍ ယခုကဲ့သို့ ခရီးသွားရသည်ကိုပင် စိတ်ထဲမှ ပျော်သလိုလို ရှိနေကြပြီး မဖော်ပြတတ်သော ကြည်နူးမှုတစ်ရပ်ကို ခံစားနေရလေသည်။ လမ်းခရီးတစ်ဝက်ခန့်တွင် ခရီးသည်များ အပေါ့အပါးသွားလိုက သွားနိုင်ရန် ကားကို ခဏရပ်ပေးသည်။ ညီအစ်ကိုနှစ်ယောက်လည်း အညောင်းအညာပြေအောက်ဆင်း၍ လမ်းလျှောက်ကြ၏။ ထိုနေရာမှ တောင်ခြေစခန်းမြို့လေးကို ကောင်းစွာ လှမ်းမြင်ရသောနေရာ ဖြစ်သည်။ သို့သော် ယခုအချိန်တွင်တော့ မိုးတိမ်ထူထပ်စွာ ဖုံးလွှမ်းထား၍ မြင်နိုင်စွမ်းမရှိပေ။

လမ်းဘေး ကျောက်တောင်တစ်ခုတွင် တောင်ကျရေကို ဝါးပိုးဝါးဖြင့်ခံ၍ ခရီးသွားသူများ အလွယ်တကူ သောက်သုံးနိုင်ရန် ပြုလုပ်

mgyoe.com

mgyoe.com


ဖန်တီးထားသည်ကို တွေ့ရ၏။ ကားဆရာသည် အင်ဂျင်အဖုံးကို မပြီး ရေတိုင်ကီဖုံးကို ဖွင့်လိုက်သောအခါ ရေများ ဆူတက်နေသည်ကို တွေ့ရသည်။ တစ်လမ်းလုံး အထူးဂီယာကို အသုံးပြုပြီး တက်လာရသောကြောင့် ဓာတ်ဆီ အတော်ကုန်ပေမည်ဟု ကားအကြောင်းကို အတော်အတန် နားလည်ထားသော တင်ထွန်း တွေးနေမိလေသည်။ ဒါကြောင့်လည်း မိုင် ၃၀ ခန့်သာရှိသော ခရီးကို ကားခအစိတ်တောင် ပေးရတာပဲလေဟု စဉ်းစားနေမိပြန်သည်။ မကြာမီ ခရီးဆက်ကြပြန်သည်။ ညီညာပြေပြစ်သော နေရာဟူ၍ တစ်လမ်းလုံး မတွေ့ခဲ့ရပေ။ လမ်းမှာ ကြမ်းတမ်းသည်။ အကွေ့အကောက်များသည်။ အဆင်းဟူ၍ မရှိ။ တစ်လမ်းလုံး တစ်တက်တည်း တက်လာရသည်။ လမ်းတွင် ခရီးသွားများ အလွန်ပြတ်သည်။ တစ်ခါတစ်ရံ ပလောင်လိုလို၊ တောသူလိုလို လူမျိုးကို တွေ့ရ၏။ မိန်းမများမှာ ပလိုင်းကိုယ်စီ လွယ်ထားကြပြီး ယောကျ်ားများမှာ တုတ်၊ ဓားများ စွဲကိုင်ထားကြသည်။

၎င်းတို့၏ သွားများမှာ ဆေးတစ်မျိုးဆိုးထား၍ ညစ်မည်းနေသည်။ ဖြူဖွေးသောသွားကို ခွေးသွားနှင့် တူသည်ဆို၍ အလိုမရှိကြကြောင်း စိန်ထွန်းသည် ဆောင်းပါးတစ်ခုတွင် ဖတ်ဖူးသည်ကို သတိရမိလေ၏။ ကားကိုတွေ့လျှင် ခပ်ဝေးဝေးက ရှောင်တတ်ကြလေသည်။

ခရီးတစ်ဝက်ကျော်လျှင် အအေးဓာတ်က ရုတ်တရက် လွှမ်းမိုးလာသည်။ အလွန်အေးလှသောကြောင့် အကြောအခြင်များသို့ စိမ့်ဝင်ထိုးဖောက်လာသည့်အလား သိသိသာသာကြီးပင် ပြောင်းလဲ၍သွားသည်ကို ခံစားကြရလေသည်။ တိုက်ခတ်လာသော လေသည်လည်း အအေးဓာတ်ကိုပင် ဆောင်ကြဉ်း၍လာပြန်သည်။ သို့သော် တော၊ တောင်သဘာဝအနံ့အသက်များသာဖြစ်၍ ရှူရှိုက်ရသူအဖို့ စိတ်ကို ကြည်လင်သန့်ရှင်းသွားစေသည်။

mgyoe.com

mgyoe.com


တင်ထွန်းသည် လက်ဆွဲအိတ်တွင် အဆင်သင့်ထည့်လာသော ကုတ်အင်္ကျီကို ထုတ်ယူပြီး ကားရှေ့တွင် ထိုင်နေသော စိန်ထွန်းဆီ လှမ်းပေးသည်။ ကားဆရာသည် တစ်ချက်လှည့်ကြည့်ပြီး...

"ခင်ဗျားတို့ ဟိုရောက်ရင် ဒီထက်ပိုဆိုးမယ်၊ ဆောင်းတွင်းဆိုရင် ရေတောင်ခဲတဲ့ နေရာပဲ" ဟု ပြောလိုက်သည်။

စိန်ထွန်းသည် ကားဆရာကို တစ်ချက်မျှ လှည့်ကြည့်ပြီး တစ်စုံ တစ်ရာ ပြန်ပြောခြင်းမပြုဘဲ ရှေ့ကိုသာ ကြည့်နေလိုက်ပြန်လေသည်။

၁၁ နာရီ ထိုးခါနီးတွင် ဆင်တောင်ကြီး တစ်မြို့လုံးကို လှမ်းမြင်ရသော တောင်ထိပ်တစ်ခုပေါ်သို့ ရောက်လာကြ၏။ သက်ငယ်မိုးနှင့် အညံ့စားအိမ်ကလေးများကိုသာ တွေ့ရပေမည်ဟု မျှော်လင့်ထားကြသော ညီအစ်ကိုနှစ်ယောက်သည် ကော့တိ(ချ်)ခေါ် တိုက်ပုကလေးများနှင့် ပျဉ်ထောင်အိမ် ဖြူဖြူဖွေးဖွေးများကို လှမ်းမြင်ကြရသောအခါ များစွာ အံ့အားသင့်သွားကြလေသည်။

မြူနှင်းများ ဝေနေသည့်ကြားမှပင် တစ်မြို့လုံးကို စီး၍ မြင်နေရ သည်။ အိမ်များကို တောင်စောင်းများတွင် လှေကားထစ်သဖွယ် မြေညှိ အကွက်ချထားပြီး သပ်ရပ်စွာ ဆောက်လုပ်ထားကြ၏။

အမှန်မှာ ဆင်တောင်ကြီးမြို့သည် အင်္ဂလိပ်မင်းများ အုပ်စိုးစဉ် အခါက ကလော၊ မေမြို့ စသော တောင်စခန်းမြို့များလို နွေရာသီစခန်း အဖြစ် ပြုလုပ်ဖန်တီးထား၍ အိမ်ကြီးအိမ်ကောင်းများနှင့် သန့်သန့်ရှင်း ရှင်းရှိသော မြို့ကလေးတစ်မြို့သာလျှင် ဖြစ်လေသည်။

ဆင်တောင်ကြီးတွင် လာရောက်နေထိုင်သွားကြသော အင်္ဂလိပ် တိုင်းကပင် ၎င်းတို့ အင်္ဂလန်ရာသီနှင့် များစွာ တူညီပေသည်ဟု ပြောစမှတ် ပြုခဲ့ကြလေသည်။

မကြာမီ ဈေးဆိုင်ကလေးများ အစီအရီရှိနေသော နေရာသို့

mgyoe.com

mgyoe.com


ရောက်ရှိလာပြီး ကားသည် ဆိုင်ကလေးတစ်ခုရှေ့ ထိုးရပ်လိုက်လေသည်။ ငါးရက်တစ်ဈေးဖြစ်သောကြောင့် ဈေးနေ့မဟုတ်လျှင် လူစည်ကားခြင်း မရှိချေ။ ခရီးသည်များအားလုံး ဆင်းသွားကြလေလျှင် ညီအစ်ကိုနှစ်ယောက်လည်း ကားဆရာအား ကျောင်းသို့ လိုက်ပို့ပါရန် တောင်းပန်ရပြန်သည်။ ကားဆရာက ထမင်းစားသောက်လိုလျှင် ဒီမှာပင် ဝယ်စားကြရန်၊ ကျောင်းအနီးအနားတွင် ဈေးဆိုင်မရှိ၍ တစ်ခေါက်ပြန်လာနေရမည်ဖြစ်ကြောင်း ပြော၍ နီးရာ ခေါက်ဆွဲဆိုင်တစ်ခုတွင် ဝင်စားကြပြန်သည်။

ထမင်းဟင်းများမှာ အလွန်ပင်ညံ့လေ၏။ ဟင်းချိုတစ်ခုတည်းသာ ပူပူနွေးနွေးရှိပြီး ထမင်းဟင်းများမှာ အေးစက်၍နေသည်။ ညီအစ်ကိုနှစ်ယောက်လည်း အာသာပြေရုံမျှသာ စားသောက်ကြလေ၏။

ကားဆရာသည် တောင်ခြေစခန်းသို့ သွားမည့်ခရီးသည်များကို လိုက်လံမေးမြန်းထားပြီးလျှင် ညီအစ်ကိုနှစ်ယောက်အား ကျောင်းသို့ လိုက်ပို့သည်။ စောစောက လာလမ်းအတိုင်း တစ်မိုင်နီးပါးခန့် ပြန်မောင်းသွားပြီး အရှေ့ဘက်သို့ ချိုးသွားသော လမ်းကျဉ်းကလေးအတိုင်း မိုင်ဝက်နီးပါးခန့် ဝင်သွားပြန်သောအခါ ကျောင်းဝင်းအတွင်းသို့ ရောက်ရှိသွားလေသည်။ ကားဆရာသည် ကျောင်းသားများနေထိုင်သော တန်းလျားတစ်ခုရှေ့တွင် ကားကို ထိုးရပ်ပေးလိုက်၏။ ပစ္စည်းများချပြီးလျှင် တင်ထွန်းက ဆယ်တန်ငါးရွက် ထုတ်ပေးပြီး ပစ္စည်းပစ္စယအတွက် ဘယ်လောက်ပေးရမှန်းမသိ၍ မေးလျှင် ကျောင်းသားများဖြစ်နေ၍ မယူလိုတော့ကြောင်း၊ နောင်ကို ကားစီးလျှင် မိမိကားကိုသာစီးပါရန် မှာကြားပြီး ပြန်သွားလေတော့သည်။

ညီအစ်ကိုနှစ်ယောက်သည် ပစ္စည်းများကို တစ်နေရာတွင် ပုံထားခဲ့ပြီး ဆားတွင် လာရပ်ကြည့်နေသော ကျောင်းသားလေးတစ်ယောက်အား

mgyoe.com

mgyoe.com


ရုံးခန်းကို မေးကြည့်ရာ ကျောင်းသားလေးသည် ဗမာစကား နားမလည်၍လား မပြောတတ်၊ တစ်နေရာသို့သာ လက်ညှိုးထိုးပြီး ရပ်နေ၏။ ၎င်းလက်ညှိုးထိုးပြသော အခန်းသည် ရုံးခန်းနှင့်ပင်တူနေ၍ နှစ်ယောက်သား လျှောက်သွားကြသည်။

အခန်းထဲတွင် လက်နှိပ်စက်ရိုက်နေသော စာရေးတစ်ယောက်ကို တွေ့၍ မိမိတို့ ကျောင်းသားသစ်များဖြစ်ကြောင်း ပြောလျှင် နေ့လယ်ကျောင်းဆင်းချိန်ဖြစ်၍ ကျောင်းအုပ်ဆရာမကြီး အိမ်ပြန်သွားပြီဖြစ်ကြောင်း၊ ၁၂ နာရီထိုးမှ ပြန်လာမည်ဖြစ်ကြောင်းပြောပြီး ညီအစ်ကိုနှစ်ယောက်အား အကဲခတ်သလို ကြည့်နေ၏။ ကျောင်းသူ၊ ကျောင်းသားကလေးများလည်း ဝိုင်းအုံလာပြီး ညီအစ်ကိုနှစ်ယောက်အား ဝိုင်းကြည့်နေကြလေသည်။

ကျောင်းကြီးမှာ စစ်သားများနေသော တန်းလျားနှင့်ပင် တူလေသည်။ ၇ ပေခန့်သာမြင့်သော အဆောက်အအုံဖြစ်ပြီး ပျဉ်ခင်း၊ ဝါးထရံကာနှင့် သွပ်မိုးဖြစ်သည်။ အဆောက်အအုံတစ်ခုလုံးသည် အနံ ၁၂ ပေနှင့် အလျားပေ ၆၀ ခန့်ဟု ထင်ရ၏။ အရှေ့အနောက်တန်းနေသော အဆောက်အအုံ၏ အနောက်ဘက် အစွန်ဆုံးအခန်းသည် ရုံးခန်းဖြစ်၏။ အလားတူ အဆောက်အအုံလေးခုသည် ဖော်ပြပါ အဆောက်အအုံကိုရံပြီး အရှေ့၊ အနောက်၊ တောင်၊ မြောက်တန်း၍ ဆောက်လုပ်ထားလေသည်။ ထူးခြားချက်တစ်ခုမှာ ရုံးခန်းတွင်သာမက စာသင်ခန်းတိုင်းတွင် ဓာတ်ဆီပုံးကို ပြုပြင်ထားသော မီးဖိုများ ထားရှိခြင်းပင် ဖြစ်၏။ ထို့ကြောင့်ပင် ခေါင်မိုးများတွင် မီးခိုးခေါင်းတိုင်များ ထိုးထိုးထောင်ထောင်နှင့် မီးခိုးတလူလူ ထွက်နေသည်ကို တွေ့ရလေသည်။ နေ့ခင်း စာသင်ချိန်မှာပင် မည်မျှအေးကြောင်းကို သိနိုင်လေသည်။ ကျောင်းသူကျောင်းသားများမှာ ဆင်းရဲကြသည်။ အချို့အနွေးထည်ကိုပင် မဝတ်ဆင်နိုင်ကြ

mgyoe.com

mgyoe.com


ပေ။ အနည်းငယ်မျှသော အစိုးရအရာရှိ သားသမီးများနှင့် ကုန်သည် သားသမီးများသာလျှင် အဝတ်အစား ပြည့်ပြည့်စုံစုံ ရှိကြလေသည်။ ဆင်တောင်ကြီးမြို့တွင် နေထိုင်ကြသူများမှာလည်း အစိုးရအမှုထမ်းများနှင့် ကုန်သည်ပွဲစားများသာ များလေသည်။

ဆင်းရဲနွမ်းပါးသော ကျောင်းသူ၊ ကျောင်းသားလေးများမှာ ဆင်တောင်ကြီးမြို့နှင့် မနီးမဝေးရွာများမှ ဖြစ်လေသည်။ မိန်းကလေးများမှာ အသားဖြူဖြူ ပါးအို့နီနီလေးတွေနှင့် ချစ်စရာကောင်းလေသည်။

ညီအစ်ကိုနှစ်ယောက်သည် ရုံးခန်းတွင်း၌ပင် ထိုင်စောင့်နေရကြရာ ၁၂ နာရီထိုးရန် ၅ မိနစ်အလိုတွင် ကျောင်းအုပ်ဆရာမကြီးနှင့်တူသူ ဝင်လာ၍ မတ်တတ်ရပ်လိုက်ကြသည်။ စောစောက ဝိုင်းအုံကြည့်နေကြသော ကျောင်းသူ၊ ကျောင်းသားလေးများမှာလည်း ရှောင်ထွက်သွားကြတော့၏။

ကျောင်းအုပ်ဆရာမကြီးမှာ အရပ်ပုပြတ်ပြတ်နှင့် အလွန်ဝလေသည်။ လမ်းလျှောက်သောအခါ ဘဲမတစ်ကောင် လမ်းလျှောက်ပုံနှင့်ပင် တူနေသည်။ မျက်နှာထားတင်းတင်းရှိသော်လည်း မျက်မှန်တပ်ထား၍ သေချာစွာ အကဲခတ်ခွင့်မရပေ။ အသက်မှာ ၄၀ ခန့်ဟု ခန့်မှန်းရ၏။ ရုံးခန်းတွင်းရှိ သီးသန့်စားပွဲတွင် ထိုင်မိလျှင် စာရေးကြီးက ကျောင်းသားနှစ်ယောက်ရောက်နေကြောင်း သတင်းပို့လိုက်သည်။ ဆရာမကြီးသည် ညီအစ်ကိုနှစ်ယောက်အား တစ်ချက်မျှ လှမ်းကြည့်ပြီး...

"ဒီကို လာကြ" ဟု လှမ်းပြောလိုက်၏။ အသံမှာ အနည်းငယ်မာကျောပြီး အမိန့်သံ ပါလှသည်။

ကျောင်းအုပ်ဆရာမကြီးတစ်ယောက်မို့ မာရေကျောရေ ပြောဟန်လက္ခဏာရှိသည်ဟု ထင်ရသော်လည်း တင်ထွန်း၏ စိတ်ထဲတွင်တော့ မနှစ်မြို့ဘဲ ရှိနေလေ၏။ ညီအစ်ကိုနှစ်ယောက် ဆရာမကြီးစားပွဲရှေ့

mgyoe.com

mgyoe.com


မတ်တတ်ရပ်လိုက်သောအခါ ဆရာမကြီးက…

"မင်းတို့ ဘယ်ကလဲ" ဟု စတင်မေးလိုက်သည်။

"ကျွန်တော်တို့ မန္တလေးမြို့ကပါခင်ဗျာ" တင်ထွန်းက ပြန်ဖြေသည်။

"မင်းတို့ ဘာရည်ရွယ်ချက်နဲ့များ ဒီလောက်ဝေးဝေးက လာခဲ့ကြတာလဲ" ဟု ထပ်မေးပြန်သည်။ ၎င်း၏မျက်နှာတွင်လည်း သင်္ကာမကင်းသောအသွင်ကို ဆောင်နေသည်။ တင်ထွန်းကပင်…

"ဒီလိုပါ ဆရာမကြီးခင်ဗျား၊ ကျွန်တော့်အစ်ကိုက နှလုံးရောဂါနဲ့ အဆုတ်အားနည်းတဲ့ရောဂါ ရှိနေပါတယ်။ ဆရာဝန်က ဒီမြို့ရာသီဥတုနဲ့ သင့်တော်တယ်ပြောလို့ လာရတာပါ။ ကျွန်တော်ကတော့ အဖော်ရအောင် ဆိုပြီး လိုက်လာရတာပါပဲ" ဟု ရှင်းပြလိုက်သည်။

ဆရာမကြီးသည် စိန်ထွန်းကိုကြည့်ပြီး အကဲခတ်လိုက်သည်။

"မင်းတို့ ငါ့ကျောင်းမှာနေရင်တော့ စည်းကမ်းကို တကယ် လိုက်နာရလိမ့်မယ်။ စည်းကမ်းဖောက်ဖျက်လာရင်တော့ ချက်ချင်း ကျောင်းထုတ်ခံရမှာပဲ။ ဒီကျောင်းဟာ အစိုးရအထက်တန်းကျောင်း ဖြစ်လာတာလည်း မကြာသေးဘူး။ အစက ဒီမြို့ကပိုင်တဲ့ ကျောင်းပဲ။ ဒါကြောင့် ဒို့ပြင်ကျောင်းတွေနဲ့ မတူဘူး။ မင်းတို့ မြို့ကြီးတွေကလာတဲ့ ကျောင်းသားတွေဟာ သိပ်ပြီး စည်းကမ်းပျက်တယ်။ ဟိုတစ်နှစ်ကလည်း မြို့ကြီးက တက်လာတဲ့ ကျောင်းသားတစ်ယောက် ရှိခဲ့ဖူးတယ်။ အဲသည်ကောင်ဟာ မိန်းမတွေနဲ့ ရှုပ်ရှုပ်ယှက်ယှက်လုပ်၊ ဆေးလိပ်မသောက်ရဘူးလို့ ပြောထားရက်နဲ့ ငါ့ရှေ့မှာ ပြောင်သောက်ပြီး စည်းကမ်းပျက်လွန်းလို့ ကျောင်းက ထုတ်ပစ်ခဲ့ရဖူးတယ်"

"ဒီက ကျောင်းသူကျောင်းသားလေးတွေဟာ အကျင့်စာရိတ္တဘက်မှာတော့ ဘာမှပြောစရာရှိတဲ့ ကလေးတွေမဟုတ်ဘူး။ သူတို့တစ်တွေဟာ

mgyoe.com

mgyoe.com


အလွန်ရိုးပြီး အတယ်၊ ဘာမှ အထူးအဆန်း မလုပ်တတ်ကြဘူး။ မင်းတို့ တစ်တွေကြောင့်တော့ ဘာမှ မသိနားမလည်တဲ့ ငါ့ကျောင်းသားလေးတွေ အပျက်အစီးမခံနိုင်ဘူး။ ကျောင်းအနေနဲ့လည်း နာမည်ပျက်မခံနိုင်ဘူး။ ဒီတော့ မင်းတို့ မနေနိုင်ဘူးထင်ရင် အခုကတည်းက ပြန်စဉ်းစားစေချင် တယ်"

ဆရာမကြီးပြောလိုက်ပုံမှာ ညီအစ်ကိုနှစ်ယောက်အား စိတ်အား ငယ်သွားမိစေလေသည်။

၎င်း၏ ပြောဆိုပုံနှင့်အညီ မျက်နှာထားကလည်း ခပ်တင်းတင်း ရှိနေပြန်ရာ စိန်ထွန်းခမျာ မျက်ရည်များပင် ရစ်ဝဲ၍ လာရှာလေ၏။ တင်ထွန်းခမျာမှာလည်း စိတ်ကို အတော်ပင် တင်းထားရလေ၏။

စိတ်တင်းထားသည်ဆိုရာ၌ စိန်ထွန်းကဲ့သို့ အားငယ်ပြီး မျက်ရည် ရစ်ဝဲလာသောကြောင့် မဟုတ်ဘဲ စိတ်ဆိုးချင်လာသောကြောင့်သာ ဖြစ် လေသည်။ အစ်ကိုစိန်ထွန်း၏ ကျန်းမာရေးကြောင့်သာ မဟုတ်ပါလျှင် ချက်ချင်း လှည့်ပြန်မိမည်သာ ဖြစ်၏။ ယခုတော့ အခြေအနေက မပေး လာ၍ စိတ်ကို ချုပ်တည်းကာ...

"ကျွန်တော်တို့ကတော့ ဒီလိုအစားထဲက မဟုတ်ပါဘူးခင်ဗျား၊ ယခုပြောင်းလာရတဲ့ ကျောင်းအုပ်ကြီးကလည်း ကျွန်တော်တို့ အကျင့် စာရိတ္တနဲ့ပတ်သက်ပြီး ကောင်းကောင်းမွန်မွန် ရေးပေးလိုက်ပါတယ်" ဟု ပြန်ပြောလျှင်...

ဆရာမကြီးသည် တစ်ချက် မဲ့ရွဲ့လိုက်ပြီး...

"ဒါကတော့ သူခိုးတစ်ယောက်ကိုလည်း အလွန်လိမ္မာပါတယ်လို့ ရေးရင် ရတာပါပဲ။ ကဲပါလေ... ဘယ်နှတန်းလဲ" ဟု ပြန်ပြောပြီး တစ်ဆက် တည်း ပြန်မေးတော့သည်။

တင်ထွန်းသည် အလွန် ခံပြင်းသွားမိသော်လည်း မတတ်သာ၍

mgyoe.com

mgyoe.com


အောင့်ခံနေရလေ၏။ စိန်ထွန်းကသာလျှင် ဘီအိုအေစီ လက်ဆွဲအိတ်ထဲမှ ကျောင်းပြောင်းလက်မှတ်နှစ်စောင်ကို ထုတ်ပေးလိုက်လေသည်။

ဆရာမကြီးသည် စိန်ထွန်းကမ်းပေးသော လက်မှတ်နှစ်စောင်ကို ဖတ်ကြည့်ပြီး...

"မင်းက မနှစ်က ဖြေသေးတာပေါ့" ဟု မေးလိုက်သည်။

"ဟုတ်ကဲ့... ခင်ဗျား"

"ဘာဖြစ်လို့ကျတာလဲ၊ ပွေလို့လား"

"မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော့်ကျန်းမာရေးကြောင့်ပါ"

၎င်းလက်မှတ်နှစ်စောင်ကို စာရေးကြီးလက်သို့ လွှဲလိုက်ပြီး...

"ရှိစေတော့လေ...၊ ကဲ... မင်းတို့ အခု ၁၀ ရက်လောက် နောက်ကျပြီးရောက်လာတယ်။ စာအုပ်တွေကော ပါရဲ့လား" ဟု ပြောလိုက်ပြန်သည်။

"ကျွန်တော်တို့ အားလုံးပါလာပါတယ်ခင်ဗျား" စိန်ထွန်းက ပြန်ဖြေသည်။

"ကောင်းပြီ၊ လိုတာရှိရင် ဟောဒီကစာရေးကြီးကို မှာထားရင် ရတယ်။ ကဲ... မင်းတို့ ဟောဒီကျောင်းသားက နေရာချပေးလိမ့်မယ်။ ကျောင်းဆောင်ကိစ္စနဲ့ ပတ်သက်ပြီးတော့လည်း သူပြောပြလိမ့်မယ်။ ပြီးမှ တစ်ခေါက်ပြန်လာခဲ့ကြ"

ဆရာမကြီးသည် ထိုသို့ပြောပြီးနောက် စာအိတ်တစ်ခုကို ကောက်ပြီး ဖောက်နေလိုက်သည်။

ညီအစ်ကိုနှစ်ယောက်လည်း နောက်သို့လှည့်ကြည့်ရာ ဘယ်အချိန်က ရောက်နေမှန်းမသိသော ကျောင်းသားဆိုသူကို တွေ့ရသည်။ ထိုသူမှာ အရပ် ၅ ပေ ၈ လက်မခန့်ရှိပြီး အတော် ဗလကောင်းလေသည်။ ကာကီဘောင်းဘီရှည်နှင့် ကုတ်အင်္ကျီအနက်ကို ဝတ်ဆင်ထား

mgyoe.com

mgyoe.com


သည်။ လက်ထဲတွင်လည်း ချယ်ရီသား တုတ်တစ်ချောင်းကို ကိုင်ထားပြန်ရာ ၎င်းမှာ ကျောင်းသားနှင့်မတူဘဲ ပုလိပ်တစ်ယောက်နှင့် တူလေသည်။ ၎င်းက...

"ကဲ... လာ... လိုက်ခဲ့ကြ"

ဟုပြောပြီး ထွက်သွားရာ ညီအစ်ကိုနှစ်ယောက်လည်း ၎င်းနောက်မှ လိုက်သွားကြလေ၏။ အခန်းထဲမှ ရုတ်တရက် ထွက်လာသောအခါ အပြင်ဘက်တွင် ပို၍အေးသည်ဟု ထင်ရလေသည်။ နေမွန်းတည့်ချိန်ဖြစ်သော်လည်း နေကိုမူ လုံးဝမမြင်ရပေ။ မိုးတိမ်ထူထပ်စွာ အုံ့မှိုင်းနေသည့်အပြင် မြူနှင်းတွေကလည်း ပိတ်နေပြန်သောကြောင့် တစ်လောကလုံး မှောင်ရီ၍နေသည်။ ညီအစ်ကိုနှစ်ယောက်အား ပို၍ စိတ်အားငယ်အောင် ဖန်တီးထားသယောင် ရှိနေလေ၏။ မြေကြီးမှာ မိုးရွာထား၍လား၊ သို့တည်းမဟုတ် နှင်းတွေကြောင့်လား မပြောတတ်၊ စွတ်စို၍နေသည်။ မြေနီဖြစ်၍ ကပ်စေးကပ်စေးရှိနေသည်။ ကျောင်းသားကြီးသည် နောက်မှ ပါလာသော ညီအစ်ကိုနှစ်ယောက်အား လှည့်မကြည့်ဘဲ...

"မင်းတို့ ဘယ်မြို့ကလဲ" ဟု မေးလိုက်သည်။

"ကျွန်တော်တို့ မန္တလေးကပါ" ညီအစ်ကိုနှစ်ယောက်စလုံးက ပြန်ဖြေလိုက်ကြသည်။

"ဟေး... မင်းတို့ မြို့ကြီးကတက်လာတဲ့အကောင်တွေဆိုပြီး ဒီမှာ ဖင်ခေါင်းတော့ မကျယ်ကြနဲ့နော်၊ ငါလည်း မန္တလေးကို ရောက်ဖူးတယ်ကွ၊ အားလုံးသိတယ်။ မင်းတို့ ရန်ကုန်ကော ရောက်ဖူးကြသလား"

"ကျွန်တော်တို့ ရန်ကုန်ကိုတော့ မရောက်ဖူးသေးဘူးဗျ" တင်ထွန်းက ပြန်ဖြေသည်။

ကျောင်းသားကြီးသည် တစ်ချက်ရယ်လိုက်ပြီး...

"ဒါဖြင့် မင်းတို့ တော်တော်ရှော်သေးတာပဲ၊ ငါတော့ ရန်ကုန်ကို

mgyoe.com

mgyoe.com

ရောက်ဖူးတယ်။ အတော်ကြာအောင်လည်း ပွေ့ခဲ့ဖူးတယ်။ အေးလေ... မင်းတို့ ကောင်းကောင်းမွန်မွန်နေပြီး ငါ့စကားကို နားထောင်နေရင်တော့ ဘာမှ မဖြစ်နိုင်ပါဘူး။ ငါ့နာမည်လည်း မှတ်ထား၊ ဘငြိမ်းလို့ခေါ်တယ်။ ငါဟာ မက်ထရစ်အတန်းမှာ မော်နီတာပဲ။ ပြီးတော့ တစ်ကျောင်းလုံးရဲ့ မော်နီတာလည်း ငါပဲဆိုပါတော့။ ဆော်ဒါမှာလည်း ငါပဲ အုပ်ချုပ်ရတယ်လေ။ ဆော်ဒါအုပ်အမည် ခံထားတာကတော့ ဆရာသာဆန်းပဲ။ ဒါပေမဲ့ ဒီဆရာက အသုံးမကျပါဘူး။ မအူမလည်နဲ့ သိပ်အတယ်။ ဒါကြောင့် နေရာတကာ ငါပဲ လိုက်ကြည့်နေရတယ်။ အလုပ်များလို့ စာလည်း ကောင်းကောင်းမကျက်နိုင်ဘူး။ ငါ စာမေးပွဲကျတာ သုံးနှစ်ရှိပြီ"

ဘငြိမ်းဆိုသူ ကျောင်းသားကြီးသည် သူ့အကြောင်းကို ဤသို့ပင် ထုတ်ပြောလေသည်။ ပစ္စည်းများ ချထားသောနေရာသို့ ရောက်လျှင် ဘငြိမ်းက...

"ကဲ... မင်းတို့ပစ္စည်းတွေကို အထဲယူခဲ့ကြ၊ နေရာတော့ ငါပြောထားပြီးပါပြီ။ ဒီတန်းလျားဟာ မက်ထရစ်ကျောင်းသားများနေတဲ့ သီးသန့်တန်းလျားပဲ" ပြောပြီး အခန်းသို့ ဝင်သွားသည်။

ညီအစ်ကိုနှစ်ယောက်လည်း သေတ္တာကြီးတစ်ခုကို ဝိုင်းမပြီး အထဲယူလာကြလေ၏။ အခန်းထဲဝင်မိလျှင် အနံ့ဆိုးတစ်မျိုး ထွက်နေ၏။ သို့သော် မခံမရပ်နိုင်အောင်တော့ မဟုတ်ပေ။ ခုတင်များ အစီအစဉ်ရှိနေကြသည်။ သပ်သပ်ရပ်ရပ်တော့ မဟုတ်ပါပေ။ အားလုံးပေါင်း ခုတင် ၂၀ ခန့်ဟု ထင်ရလေသည်။

အစွန်ဆုံး ထောင့်တစ်ခုတွင် ခုတင်လွတ်နှစ်ခု ယှဉ်ပြီးရှိနေသည်။ တင်ထွန်းက ထရံဘက်ကပ်နေသော ခုတင်ကို ယူလိုက်သည်။ ခေါင်းရင်းတည့်တည့်တွင် ပြတင်းပေါက်တစ်ခုရှိနေရာ ဘငြိမ်းက ၎င်းပြတင်းပေါက်ကို ဖွင့်လိုက်သောအခါ အပြင်ဘက်မှ လေစိမ်းများ တိုး၍လာ

mgyoe.com

mgyoe.com



သည်။ စောစောက အနံ့ဆိုးလည်း ပျောက်သွားတော့၏။ ပြတင်းပေါက်မှကျော်၍ မြင်ရသော ရှုခင်းမှာ အောက်သို့ နိမ့်ဆင်းသွားသော ချောက်ကြီးဖြစ်ပြီး တောင်စောင်းတွင် သစ်တော်သီးပင်များကို မရေမတွက်နိုင်အောင် စိမ်းစိုစွာ စီတန်းနေသည်ကို တွေ့ရလေသည်။

အိပ်ရာများကို နေသားကျအောင် ခင်းကျင်းပြီးသောအခါ ဘငြိမ်းသည် ညီအစ်ကိုနှစ်ယောက်အား ရုံးခန်းသို့ ပြန်သွားရန် ပြောကြားပြီး ထွက်သွားတော့သည်။

ရုံးခန်းသို့ ပြန်ရောက်သောအခါ ကျောင်းဝင်ကြေး၊ ကျောင်းလခစသည်များကို ပေးသွင်းကြရ၏။ (အစိုးရကျောင်းအမည်ခံသော်လည်း အစိုးရသည် ကုန်ကျစရိတ်တစ်ဝက်ကိုသာ ကျခံသေးသည်။ ထို့ကြောင့်လည်း ကျောင်းသူကျောင်းသားများမှာ ကျောင်းလခကို ပေးနေရသေးသည်။)

ငင်းကိစ္စများပြီးလျှင် စာသင်ခန်းသို့ သွားရတော့သည်။ မက်ထရစ်အခန်းသည် ရုံးခန်းရှိသော အဆောက်အအုံ၏ အရှေ့ဘက် အစွန်ဆုံးအခန်း ဖြစ်သည်။ ရုံးခန်းသည် အနောက်ဘက် အစွန်ဆုံးတွင်ရှိနေရာ ရုံးခန်းနှင့် မက်ထရစ်ခန်းကြားတွင် အခြားအတန်းငယ်များ ရှိလေသည်။ ညီအစ်ကိုနှစ်ယောက်လည်း အတန်းဆရာကို သတင်းပို့ပြီး နောက်ဆုံးတန်းတွင် ဝင်ထိုင်ကြ၏။ ကျောင်းသူ ၁၀ ယောက်နှင့် ကျောင်းသား ၃၀ ခန့် ရှိနေသည်ကို တွေ့ရသည်။ အခြားခုံလွတ်များလည်း ရှိနေသေးသည်။

မြန်မာစာချိန်ဖြစ်၍ သင်ပြသူမှာ ဦးခင်မောင်ဆွေ (ခေါ်) မြန်မာလူမျိုးပင်ဖြစ်ကြောင်း သိရ၏။

ကျောင်းသူကျောင်းသားများသည် ညီအစ်ကိုနှစ်ယောက်အား မကြာခဏ လှည့်ကြည့်နေကြရာ ညီအစ်ကိုနှစ်ယောက်သည် အဘယ်

mgyoe.com

mgyoe.com


ကြောင့် မိမိတို့အား ဤမျှ ဣန္ဒြေမဲ့ လှည့်ကြည့်နေကြသနည်းဟု စဉ်းစားနေမိကြလေ၏။ မြန်မာစာချိန်ပြီးသောအခါ အင်္ဂလိပ်ဘာသာအချိန် ဖြစ်နေသည်။ ကျောင်းအုပ်ဆရာမကြီးကိုယ်တိုင် လာရောက်သင်ပြသွားသည်။ ဆရာမကြီး၏အချိန်တွင် တစ်ယောက်မှ တုတ်တုတ်ပင်လှုပ်သည်ကို မတွေ့ရပေ။ အလွန်ကြောက်ပုံပေါ်လေသည်။

ဆရာမကြီး၏နာမည်မှာ ဒေါ်ထွေးရီဟုခေါ်ပြီး ဘီအေ၊ ဘီအီးဒီပင်ဖြစ်ကြောင်း သိရသည်။ အသင်အပြ မဆိုးလှကြောင်း ညီအစ်ကိုနှစ်ယောက် သတိထားမိကြ၏။ ၃ နာရီထိုးသောအခါ ညနေ ကျောင်းဆင်းရတော့သည်။ ညီအစ်ကိုနှစ်ယောက်လည်း တစ်စုံတစ်ရာ မှတ်သားခြင်း မပြုလိုက်ရဘဲ တစ်နေ့တာ ပြီးဆုံးသွားရလေသည်။

❒

mgyoe.com

mgyoe.com

## ( ၈ )

ကျောင်းဆင်းလျှင် မိုးရွာချတော့သည်။ ညီအစ်ကိုနှစ်ယောက် လည်း လမ်းတစ်ဝက်မှ ပြေးလာကြ၏။ အခန်းသို့ ပြန်ရောက်လျှင် အဝတ်အစား လဲလိုက်ကြသည်။ ဘငြိမ်း ရောက်ရှိလာပြီး ဘောလုံးကန် ချင်က ကန်နိုင်ကြောင်း လာပြောသည်။ ၎င်းကိုယ်တိုင်လည်း ဘောင်းဘီ တို၊ စပို့ရှပ်နှင့် ဘောလုံးကန်ဖိနပ်များကို ဝတ်ထားသည်ကို တွေ့ရသည်။ တင်ထွန်းက နောက်နေ့များတွင်မှ ကန်မည်ဖြစ်ကြောင်း ပြောလိုက်လျှင် ပြန်ထွက်သွားတော့၏။ ကျောင်းသားအချို့ ရောက်လာကြပြီး အဝတ် အစားလဲပြီး ထွက်သွားကြပြန်သည်။ တင်ထွန်းက...

"ဒီမှာ မိုးမရဘူးတဲ့၊ မေမေ့ဆီ အာလာဒင်တစ်လုံးလောက် မှာ လိုက်ရကောင်းမလား"

"ပိုက်ဆံပိုများ ကုန်နေမလား၊ ဖယောင်းတိုင် ပထမ စမ်းကြည့်ရ အောင်လေ။ မကိုက်ရင်တော့ မှာရတာပေါ့" စိန်ထွန်းသည် ဝတ်ထား သောဘောင်းဘီကို ချွတ်လိုက်ပြီး လုံချည် ပြန်ဝတ်လိုက်သည်။

"မေမေ့ဆီ စာရေးမယ်မဟုတ်လား" တင်ထွန်းက မေးလိုက်ပြန် သည်။

mgyoe.com

mgyoe.com


"ရေးမှာပေါ့၊ မင်းလည်းရေးလေ၊ တစ်စောင်တည်း အတူထည့်ရအောင်၊ တို့ ကောင်းကောင်းမွန်မွန် ရောက်ရှိသွားတဲ့အကြောင်းပေါ့ကွယ်၊ ပြီးတော့ ဆရာမကြီးအကြောင်းကိုလည်း ထည့်ရေးလိုက်ရင် ကောင်းမလား"

"ဘယ်လို ဆရာမကြီးအကြောင်းလဲ" တင်ထွန်းက ရုတ်တရက် မရှင်း၍ မေးလိုက်သည်။

"သြော်... တို့ကို ဆက်ဆံပြောဆိုတာကို ပြောတာပါ။ ငါတော့ နည်းနည်းမှ သဘောမကျမိဘူးကွာ"

"သြော်... အဲဒါလား၊ ထည့်ရေးမနေပါနဲ့ကွာ။ မေမေ စိတ်မကောင်းဖြစ်နေပါဦးမယ်။ ငါလည်း မင်းလိုပဲ ဖြစ်မိပါတယ်။ ဒါပေမဲ့ သေသေချာချာ ပြန်စဉ်းစားကြည့်တော့ သူပြောတာလည်း ဟုတ်ချင်ဟုတ်မှာပဲ။ ဟိုကျောင်းသားတစ်ယောက် လာဗရုတ်ကျသွားတယ်ဆိုတာလေ။ ဒီကောင်ကတော့ ကျောင်းသားမို့ ထားလိုက်ပါတော့။ ငါ့ကို ဖေဖေ တစ်ခါ ပြောပြဖူးတယ်။ ဒီလို တောင်ပေါ်ကလူတွေဟာ ရိုးတယ်၊ ရိုးသားပြီး ဘာမှမသိနားမလည်တဲ့ လူတွေပဲတဲ့။ သူတို့တစ်တွေဟာ တစ်ယောက်နဲ့ တစ်ယောက် ပွင့်ပွင့်လင်းလင်းနဲ့ ပြုမူဆက်ဆံ ပြောဆိုတတ်ကြတယ်တဲ့။ သူတို့တစ်တွေရဲ့ မိရိုးဖလာ ဓလေ့ထုံးစံတွေကိုလည်း အမြတ်တနိုးနဲ့ ထိန်းသိမ်းထားတတ်ကြတယ်တဲ့။ မိန်းကလေးနဲ့ ယောကျ်ားလေး ဆက်ဆံရာမှာလည်း ပွင့်ပွင့်လင်းလင်းရှိတတ်ပြီး သူတို့တစ်တွေရဲ့ အချစ်ရေးကိစ္စများဟာဆိုရင်လည်း အစဉ်အလာအတိုင်း အနည်းနဲ့အများတော့ လွတ်လပ်မှုတွေ ရှိတတ်ကြတယ်တဲ့။ ဒါကို မြေပြန့်များက အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိလာတတ်ကြတဲ့ လူတွေမျက်စိနဲ့ကြည့်ရင် အကွက်ကောင်းလို ဖြစ်နေလေတော့ အချို့လည်း မတရားအခွင့်အရေးမျိုးယူပြီး ယုတ်မာစွာ ပြုမူဆက်ဆံသွားတတ်ကြတော့ ရိုးသားတဲ့ တောင်

mgyoe.com

mgyoe.com


ပေါ်သူတောင်ပေါ်သားတွေဟာ မြေပြန့်ကလာတဲ့လူတိုင်းကို ယုံကြည်မှု ကင်းမဲ့လာပြီး မုန်းတီးရွံရှာတဲ့စိတ်တွေ ပွားလာတော့တာပဲတဲ့။ ဒါကို ငါတော့ ယုံကြည်တယ်ကွာ။ ဒီတော့ တို့တစ်တွေက ကောင်းကောင်းမွန် မွန်နေပြသွားရင် အဆင်ပြေသွားနိုင်ပါလိမ့်မယ်။ တို့လည်းပဲ စံပြဖြစ် အောင် နေပြသွားကြတာပေါ့ ဟုတ်လား"

စိန်ထွန်းသည် တင်ထွန်းပြောပြသောစကားကို စိတ်တွင်းမှ များစွာ သဘောကျ ထောက်ခံနေမိလေ၏။ တင်ထွန်းကိုလည်း စိတ်တွင်းမှ ချီးကျူးနေမိတော့သည်။

"မင်းပြောတဲ့စကားဟာ သိပ်မှန်တာပဲတင်ထွန်းရာ၊ အမှန်ကတော့ တို့တစ်တွေဟာ ဇရုတ်ကျဖို့တော့ ဝေးရော၊ ဇရုတ်ကျတဲ့နည်းတွေတောင် မစဉ်းစားတတ်တဲ့လူတွေပဲမဟုတ်လား။ ဒီကလူတွေနဲ့ ဆက်ဆံရာမှာ လည်း သူတို့တစ်တွေလိုလည်း ပွင့်ပွင့်လင်းလင်းနဲ့ ဆက်ဆံသွားဖို့ကို ငါ စိတ်ကူးထားခဲ့ပါတယ်။ ငါတို့ကပဲ အနစ်နာခံပြီးတော့လည်း ဆက်ဆံ သွားနိုင်ပါတယ်။ ငါမကျေနပ်တာကတော့ ဆရာမကြီးတစ်ယောက် တည်းအပေါ်မှာ မကျေနပ်တာပါ။ တို့တစ်တွေရဲ့အကြောင်းကိုလည်း ဘာမှမသိရသေးခင် ဒီလို ရင့်ရင့်သီးသီး ပြောဆိုတာဟာ မလွန်လွန်းပေ ဘူးလားကွာ"

"ဒါကတော့ ဆရာမကြီးအနေနဲ့ကလည်း တစ်ခါသေဖူး၊ ပျဉ်ဖိုး နားလည်ဆိုသလို တို့တစ်တွေကြောင့် ရိုးသားတဲ့ သူ့တပည့်လေးတွေ ပျက်စီးသွားမှာကို စိုးရိမ်ရှာလို့ ပြောတာဖြစ်မှာပဲ။ သူကလည်း အဲသည် လိုစိုးရိမ်နေတော့ တို့ကလည်း သူ့ရိုးသားတဲ့ တပည့်တွေထက် ပိုပြီး အပြစ်ကင်းအောင်နေသွားရင် ကျေနပ်သွားပြီး တို့အပေါ်မှာ ယုံကြည်မှု ရှိလာမှာပဲ။ အခုနေတော့ ငါတော့ ဒီအတိုင်းပဲ မြင်တာပါပဲလေ" တင် ထွန်းက ထပ်ရှင်းပြပြန်သည်။

mgyoe.com